## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

လောကဥ္စ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ အဖကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ လောကဥ္စ ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့ကို ပစ္စည်းလေးပါးဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ **ဓမ္မပဒ**



# မြဝတီ နေ့စဉ်



### ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

တိုင်းပြည်၏စတုတ္ထမဏ္ဍိုင်ကို ဖော်ဆောင်ပေးသည် မြဝတီ



www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၈၉)

၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်
၂၀၂၅ ခုနှစ်၊ ဇူလိုင် ၁၆ ရက်၊ ဗုဒ္ဓဟူးနေ့



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေပြည်တော်၊ ဥတ္တရသီရိရေလှောင်တမံနှင့် အလုပ်သမားဝန်ကြီးဌာန ရုံးပတ်လမ်း၊ မြေထိန်းနံရံ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးနေမှုအခြေအနေများ သွားရောက်ကြည့်ရှုစစ်ဆေး





အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေပြည်တော် ဥတ္တရသီရိရေလှောင်တမံ ပြန်လည်ပြုပြင်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

**နေပြည်တော် ဇူလိုင် ၁၅**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့ညနေပိုင်းတွင် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေပြည်တော်၊ ဥတ္တရသီရိရေလှောင်တမံနှင့် အလုပ်သမားဝန်ကြီးဌာနရှိရုံးပတ်လမ်း၊ မြေထိန်းနံရံများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးနေမှု အခြေအနေများကို


**စာမျက်နှာ ၁၆ ကော်လံ ၁ ●**


## မြန်မာနိုင်ငံကိုယ်စားပြုခရီးသွားမြှင့်တင်ရေးပြခန်း ရုရှားနိုင်ငံသားများ အထူးစိတ်ဝင်စားမှုရှိခဲ့ပြီး လာရောက်သူများဖြင့်စည်ကား


သတင်းစာမျက်နှာ -၃၂ သို့




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဇူလိုင် ၁၆ ရက်)

# မူးယစ်ဆေးဝါးပပျောက်ရေးသည် အမျိုးသားရေးတာဝန်

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးအန္တရာယ်ကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ ဆောင်ရွက်လျက်ရှိသည်။ မူးယစ်ဆေးဝါးပြဿနာသည် နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခု၊ လူမျိုးတစ်မျိုးတည်းနှင့် သက်ဆိုင်သည်မဟုတ်ဘဲ တစ်ကမ္ဘာလုံးရှိ လူသားမျိုးနွယ်စုတစ်ရပ်လုံးကို ဆိုးဆိုးရွားရွားခြိမ်းခြောက်နေသောပြဿနာဖြစ်သည်။ မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ သုံးစွဲမှုနှင့်သယ်ဆောင်ရောင်းဝယ်မှုများသည် နိုင်ငံဖြိုခွဲကျော် ရာဇဝတ်မှု၊ အကျင့်ပျက်ခြစားမှု၊ ငွေကြေးခဝါချမှု၊ လက်နက်မှောင်ခိုမှု၊ အကြမ်းဖက်မှုတို့နှင့် နက်ရှိုင်းစွာဆက်စပ်လျက်ရှိသည်။ မြန်မာနိုင်ငံအတွင်း အချို့သောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် နိုင်ငံအတွင်းတည်ငြိမ်အေးချမ်းမှုမရှိအောင် လုပ်ဆောင်နေပြီး မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် သယ်ဆောင်ရောင်းဝယ်မှုလုပ်ဆောင်နေသည်ကို ဖမ်းဆီးရမိသည့်မူးယစ်ဆေးဝါးအထောက်အထားများနှင့်အတူတွေ့ရှိရသည်။

မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင်အသုံးပြုသည့် ဓာတုပစ္စည်းများထုတ်လုပ်နိုင်မှုမရှိပါ။ သို့သော် တရားမဝင်နယ်စပ်ဒေသများမှတစ်ဆင့် အလွယ်တကူဝင်ရောက်လျက်ရှိပြီး ထွက်ရှိလာသော မူးယစ်ဆေးဝါးအများစုသည် နယ်စပ်ဒေသများမှတစ်ဆင့် ဒေသတွင်းနိုင်ငံများနှင့် ဝယ်လိုအားမြင့်သည့်နိုင်ငံများသို့ သယ်ဆောင်ရောင်းဝယ်လျက်ရှိသည်။ ထို့ကြောင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေဖြင့် အားသွန်ခွန်စိုက်ဆောင်ရွက်နေကြရသည်။ ထို့ကြောင့် ဘီလီယံပေါင်းများစွာတန်ဖိုးရှိသည့် မူးယစ်ဆေးဝါးများနှင့်ဆက်စပ်ပစ္စည်းများကို ဖမ်းဆီးရမိလျက်ရှိသည်မှာ ဝမ်းသာဖွယ်ဖြစ်သည်။

ပြည်သူများအနေဖြင့်လည်း မူးယစ်ဆေးဝါး၏အန္တရာယ်ကိုသိရှိပြီး မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့်သတင်းများကို လျှို့ဝှက်စွာပေးပို့လျက်ရှိသည့်အတွက် မူးယစ်ဆေးဝါးဂိုဏ်းအဖွဲ့များကိုပင် ဖမ်းဆီးရမိနေသည်။ မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ရုပ်ပိုင်းဆိုင်ရာများနှင့် စိတ်ပိုင်းဆိုင်ရာများကို ဆိုးရွားစွာထိခိုက်စေပြီး ရာဇဝတ်မှုကျူးလွန်ခြင်းများရှိလာသည့်အတွက် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းသည် အမျိုးသားရေးတာဝန်ဖြစ်ပြီး ပြည်သူလူထု၏အင်အားသည် မူးယစ်တိုက်ဖျက်ရေးတွင် ခွန်အားတစ်ရပ်ဖြစ်လာသည်။

မြန်မာနိုင်ငံတွင် ယခင်ကဘိန်းစိုက်ပျိုးမှုနှင့်ဘိန်းဖြူထုတ်လုပ်မှုသည် အဓိကပြဿနာတစ်ရပ်ဖြစ်ခဲ့သော်လည်း လက်ရှိတွင် ကမ္ဘာ့နိုင်ငံများနည်းတူ လူလုပ်မူးယစ်ဆေးဝါးများ ထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းဝယ်မှုပြဿနာများကိုပါ ရင်ဆိုင်နေရသည်။ တစ်ဖက်တွင်လည်း တိုင်းရင်းသားလက်နက်ကိုင်များကြီးစိုးရာဒေသတွင် ဘိန်းစိုက်ပျိုးမှုပြန်လည်မြင့်တက်လာခဲ့ကြောင်း သိရှိရသည်။ ထို့ပြင် လူလုပ်မူးယစ်ဆေးဝါးများသည် မည်သည့်နေရာတွင် မဆိုထုတ်လုပ်နိုင်သဖြင့် အဆိုပါဒေသများတွင် ထုတ်လုပ်မှုမြင့်တက်လျက်ရှိကြောင်း ၂၀၂၄ ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂမူးယစ်ဆေးဝါးအစီရင်ခံစာတွင် ဖော်ပြထားသည်ကိုတွေ့ရသည်။

မြန်မာနိုင်ငံသည် မူးယစ်ဆေးစွဲသူများကို ပြည်သူ့ကျန်းမာရေးပြဿနာအဖြစ်ရှုမြင်သုံးသပ်ပြီး HIV ပိုးရှိ၊ မရှိ စစ်ဆေးပေးခြင်း၊ အသည်းရောင်ရောဂါဘီပိုးနှင့် စီပိုးရှိ၊ မရှိစစ်ဆေးပေးခြင်း၊ ကာလသားရောဂါစစ်ဆေးကုသပေးခြင်းတို့ကိုဆောင်ရွက်ပေးလျက်ရှိသည်။ မူးယစ်ဆေးစွဲရောဂါကုဌာနကြီး ၂၉ ခု၊ ဌာနငယ် ၅၆ ခု၊ မက်သာဒုံးဆေးခန်း ၃၆ ခုနှင့် ဗျူပရီနော်ဖင်းဆေးခန်းသုံးခုတို့၌ မူးယစ်ဆေးစွဲလူနာ၂၆၉၆၄ ဦးအား ၂၀၂၄ ခုနှစ်အတွင်း ကုသပေးနိုင်ခဲ့သည်။ မူးယစ်ဆေးစွဲကုသမှုခံယူပြီးသူများအား ပိုမိုကောင်းမွန်သောလူမှုဘဝပြန်လည်ရောက်ရှိစေရေးအတွက် စခန်းအခြေပြုနှင့်ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးစခန်း ၁၄ ခုဖွင့်လှစ်ပြီး မူးယစ်ဆေးဖြတ်ပြီးသူများအား စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာပြန်လည်ထူထောင်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းပညာသင်ကြားပေးခြင်းနှင့် နောက်ဆက်တွဲကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံအတွင်း၂၀၁၃ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအထူးစစ်ဆင်ရေးအကြိမ် ၄၀ ဆောင်ရွက်ခဲ့ပြီး ၂၀၂၄ ခုနှစ်အတွင်း မူးယစ်ဆေးဝါးအမှုပေါင်း ၅၅၉၃ မှုမှ တရားခံ ၇၈၂၈ ဦး၊ တန်ဖိုးငွေကျပ် ၁၁၆၃ ဘီလီယံကျော်ဖိုးဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။ မူးယစ်ဆေးဝါးထုတ်လုပ်မှုလျော့ကျစေရေးအတွက် မူးယစ်ဆေးဝါးချက်လုပ်ရာတွင်အသုံးပြုသည့်ဓာတုပစ္စည်း ၄၃ မျိုးအားတင်းကျပ်စွာကန့်သတ်ထားသည်။ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့၏စွမ်းဆောင်ချက်များနှင့် ပြည်သူလူထုပူးပေါင်းပါဝင်မှု၏ကူညီမှုများကြောင့် မူးယစ်ဆေးဝါးများစွာဖမ်းဆီးရမိလျက်ရှိသည်။

မူးယစ်ဆေးဝါးသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ လူမှုစီးပွားဘဝလုံခြုံရေးနှင့် အေးချမ်းသာယာရေးကိုခြိမ်းခြောက်လျက်ရှိသည်။ နိုင်ငံတော်အစိုးရအနေဖြင့် မူးယစ်ဆေးဝါးအန္တရာယ်ကို တိုက်ဖျက်ရာတွင် တားဆီးနှိမ်နင်းရေးလုပ်ငန်းများအပြင် ပြည်သူလူထု၏ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စသည့်ကဏ္ဍအသီးသီးတို့၌လည်း ဟန်ချက်ညီညီတိုးတက်ရန်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အဆိုပါဖွံ့ဖြိုးတိုးတက်ရေးတွင် မူးယစ်ဆေးဝါးသည် အတားအဆီးတစ်ခုသဖွယ်ရှိနေသည်။ ပြည်သူများအနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများတွင် စည်းလုံးညီညွတ်စွာပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မူးယစ်ဆေးဝါးထုတ်လုပ်၊ ရောင်းဝယ်၊ သုံးစွဲခြင်းများကို ပိုမိုဖော်ထုတ်နိုင်မည်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သည့်မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

- (က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။
- (ခ) နိုင်ငံ့ဝန်ထမ်းများ။
- (ဂ) ပညာသင်ကြားနေသူများ။
- (ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။
- (င) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။
- (စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

- (က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။
- (ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။
- (ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။
- (ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။
- (င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# လျှော်ဘေးသင့်ပြည်သူများအား ပံ့ပိုးငွေနှင့်ပစ္စည်းများပေးအပ်

ပင်းတယ ဇူလိုင် ၁၅

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင်လ ၁၄ ရက် နံနက်ပိုင်းတွင် လျှော်အန္တရာယ်ကြောင့် ထိခိုက်ပျက်စီးမှုများအပေါ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေနှင့် ရှမ်းပြည်နယ် စီမံခန့်ခွဲမှုရန်ပုံငွေမှ ခွင့်ပြုထားသည့် ပံ့ပိုးငွေနှင့်ပစ္စည်းများပေးအပ်ခြင်း အခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းက ဓနုဒေသ ရွာငံမြို့နယ်နှင့် ပင်းတယမြို့နယ်တို့အတွင်းရှိဒေသနေ တိုင်းရင်းသား မိဘပြည်သူများအားလုံး သဘာဝဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့် လျှော်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့မှုများကို အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ကြစေရန်ရည်ရွယ်၍ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ဓနုဒေသ ရွာငံ၊ ပင်းတယမြို့နယ်တို့မှ တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့သည့် စာရင်းရှိ လူနေအိမ် ၂၃၆ လုံးမှ မိသားစုဝင်များအား ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထိန်လင်းအောင်နှင့် မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဝင်းမာသိန်းတို့က အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေကျပ် ၁၅၀၃၀၀၀၀ နှင့်မိသားစုဝင် ၈၀၅ ဦးအတွက် တစ်လစာစားနပ်ရိက္ခာဆန်အိတ်များ၊ ပံ့ပိုးငွေများနှင့်ပစ္စည်းများကို အသီးသီးပေးအပ်ကြောင်း သိရသည်။

(၄၀၅)

မြဝတီ နေ့စဉ်
The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၆၇-၇၃၉၉၈၊ ဖက်စ် ၀၆၇-၇၃၉၉၉/၀၆၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၆၇-၇၄၀၀၆၊ ၀၆၇-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၄၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၄၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ကာယဆရာ ဆရာမများ တင်းနစ်အားကစားနည်းသင်ကြားရေးသင်တန်း (၂၀၂၅) ဆင်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၅

ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်လူငယ်ရေးရာ အထောက်အကူပြု လုပ်ငန်းကော်မတီ၊ အခြေခံပညာဦးစီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးပညာရေးမှူးရုံးတို့ ပူးပေါင်းကျင်းပသည့် ကာယဆရာ၊ ဆရာမများ တင်းနစ်အားကစားနည်းသင်ကြားရေးသင်တန်း (၂၀၂၅) ဆင်းပွဲအခမ်းအနားကို ဇူလိုင်လ ၁၄ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပသည်။



ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီးလူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က သင်တန်းဆင်းအမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်ဆန်းက သင်တန်းပို့ချမှုနှင့်စပ်လျဉ်း၍ ပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာချိုချိုမြတ်အောင်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများက လက်ရည်တစ်ပြင်တည်းကစားကြမယ်တေးသရုပ်ဖော် အကဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးဌေးအောင်နှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်နှင့် ITF တင်းနစ်ဘောလုံးများပေးအပ်ရာ သင်တန်းသား တစ်ဦးကလက်ခံရယူကာ ကျေးဇူးတင်စကားပြောကြားသည်။

ကာယဆရာ၊ ဆရာမများ တင်းနစ်အားကစားနည်းသင်ကြားရေးသင်တန်း ဖွင့်လှစ်ပေးခြင်းဖြင့် ကျောင်းသား၊ ကျောင်းသူများ အားကစားအပေါ် စိတ်ပါဝင်စားလာစေရန်၊ တင်းနစ်ကစားနည်းကို အခြေခံနည်းစနစ်တကျတတ်မြောက်စေရန်၊ မျိုးဆက်သစ်အားကစားသမားကောင်းများ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ သင်ကြားရခြင်းဖြစ်ပြီး သင်တန်းသို့ အခြေခံပညာကျောင်းများ၊ ပုဂ္ဂလိကကျောင်းများ၊ International ကျောင်းများမှ ဆရာ၊ ဆရာမ ၄၅ ဦးတက်ရောက်ကြောင်း သိရသည်။

အဆိုပါသင်တန်းဆင်းပွဲသို့ ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်ဆန်းနှင့်တာဝန်ရှိသူများ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ အခြေခံပညာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာချိုချိုမြတ်အောင်နှင့် ဆရာ၊ ဆရာမများ၊ တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**လင်းခန့်**

# အင်းစိန်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းနှင့် ဟောပြောပွဲကျင်းပ



ရန်ကုန် ဇူလိုင် ၁၅

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းနှင့် ဟောပြောပွဲ၊ ပြပွဲ၊ ပြိုင်ပွဲကို ဇူလိုင်လ ၁၅ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမြင့်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာထွန်းက လူငယ်စကားဝိုင်းနှင့် ဟောပြောပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်များကို ပြောကြားကာ စာပေ၏အကျိုးကျေးဇူးကို ဟောပြောသည်။ ဆက်လက်၍ စာရေးဆရာ ဒေါက်တာဖိုလ်သံမဏိ (တောင်တွင်းကြီး) က လူငယ်နှင့်စာဖတ်ခြင်းအကျိုးခေါင်းစဉ်ဖြင့်ဟောပြောပြီး ဒုတိယမြို့နယ်ပညာရေးမှူး(ပညာ) ဒေါ်မိမိမော်က အမှာစကားပြောကြားကာ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးသန်းထွန်းက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းကြည်က ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူခြောက်ဦးက လူငယ်နှင့်ပညာရေး၊ လူငယ်နှင့်မူးယစ်ဆေးဝါး၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်ဆိုရှယ်မီဒီယာ၊ လူငယ်နှင့်စာပေ၊ လူငယ်နှင့်အားကစားခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးကာ တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကိုမေးမြန်းကြရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားပေးသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော အသိပညာပေးနံရံကပ်စာစောင်များ၊ သုတ၊ ရသစာအုပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာပြီး စကားပုံဆက်ပြိုင်ပွဲကို ကျောင်းသား၊ ကျောင်းသူများက ပါဝင်ကစားကြောင်း သိရသည်။

**ထွန်းလင်းကျော်(ပြန်/ဆက်)**

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးရံ့ပိသာ ၇၀၀၀၀ အထိတင်ပို့ရောင်းချနိုင်

မော်လမြိုင်ကျွန်း ဇူလိုင် ၁၅

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လတစ်လတာကာလအတွင်း ငါးရံ့ပိသာ ၇၀၀၀၀ အထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ်၌ ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်မာမာအေး၏ပြောကြားချက်အရ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငါးရံ့အပါအဝင် ဒေသထွက်ရေထွက်ကုန်များကို တင်ပို့ရောင်းချလျက်ရှိရာ မေလအတွင်းက ငါးရံ့ပိသာ ၅၀၀၀၀ သာတင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လ ၁ ရက်မှ ၃၀ ရက်အထိ ငါးရံ့ပိသာ ၇၀၀၀၀ အထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ဇွန်လထဲမှာ ရန်ကုန်ဈေးကွက်ထဲကို ငါးရံ့တွေ သိသိသာသာတင်ပို့အားကောင်းလာပါတယ်။ ငါးရံ့တင်ပို့အားကောင်းလာတာက ပြည်တွင်းမှာ ဝယ်လိုအားကောင်းနေတာကြောင့်ဖြစ်ပါတယ်။ ဒေသထွက်ငါးရံ့အပါအဝင် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့တာပါ။ အခုလိုဝယ်လိုအားကောင်းလာတော့ ငါးရံ့မွေးမြူရေးလုပ်ငန်းရှင်တွေ၊ လုပ်သားတွေနဲ့ သဘာဝအတိုင်းငါးရံ့ရှာဖွေဖမ်းဆီးသူတွေ အဆင်ပြေလာပါတယ်''ဟု ဒေါ်မာမာအေးကပြောသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့ရသည့် ငါးရံ့ဈေးနှုန်းများမှာ အရွယ်အစားအလိုက်ဈေးနှုန်းအသီးသီးရှိကြောင်း သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရေထွက်ကုန်များ အရောင်းအဝယ်ကောင်းမွန်နေခြင်းကြောင့် ဝယ်လိုအားနှင့်ရောင်းလိုအား မျှတမှုရှိလာသဖြင့် ဒေသဈေးကွက်အတွင်း ရေထွက်ကုန်ဈေးနှုန်းများ တည်ငြိမ်ကျဆင်းလာစေမည်ဖြစ်ပြီး ဒေသခံပြည်သူများ၏ သက်သာချောင်ချိရေးကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း သိရသည်။

**သုတကျော်**

## ကာတွန်း



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ထိုအချိန်မှစ၍မူကား မိခင်သည် ပင်ကိုအားဖြင့် သဘောကောင်းသော ဖခင်ထက်ပင် ကျစ်လျစ်သိပ်သည်းခြင်းရှိသည်ကို ကျွန်ုပ်တွေ့ရ၏။ ကျွန်ုပ်လည်း မိခင်သိမြင်သော တရားသဘာဝကို သိမြင်ထားစေကာမူ မိခင်ကဲ့သို့ တစ်လျှောက်တည်းသုံးသပ်ဆင်ခြင်နိုင်သော အခွင့်အရေးမရရှိသည့်အတွက်ကြောင့် အပြောအဆို၊ အပြုအမူ စသည်များ၌ ချွတ်ယွင်းချက်များရှိနေခြင်းဖြစ်သည်ဟု စဉ်းစားမိပါသည်။ လောဘ၊ ဒေါသအမြစ်ပြတ်သေးသူမဟုတ်ခဲ့လျှင် သတိနှင့်မနေတတ်ပါက အမှားအယွင်းများရှိနေဦးမည်ဟူ၍လည်း ကျွန်ုပ်မြင်လာပါသည်။ စိတ်ထက်သော ပုဂ္ဂိုလ်တစ်ယောက်သည် ပင်ကိုအားဖြင့် စိတ်သဘောကောင်းသော လူတစ်ယောက်ထက်ပင် အမှားအယွင်းနည်း၍ လောကဓံကို ခံနိုင်ရည်ရှိခြင်းသည်ကား တရားတော်၏ဂုဏ်ကျေးဇူးပေတည်းဟု ကျွန်ုပ် တိုးတက်သဘောကျ၍ သဒ္ဓါတရားပိုမိုခိုင်မြဲခြင်း ဖြစ်ခဲ့ရပါသည်။

**သေကံကောင်းခြင်းဟူ၍ ရှိလေသလော**

လူတစ်ယောက်သည် ဆင်းရဲစွာနေထိုင်စားသောက်ရပြီးနောက် ကွယ်လွန်သောအခါ၌ သူ၏ ဈာပနစည်ကားခဲ့လျှင် သေကံကောင်းသည်ဟု ပြောကြ၏။ တချို့သားသမီးများသည် မိဘမကျန်းမာသည့်အခါ ဆရာဝန်ခေါ်ဖို့ဝန်လေးသော်လည်း ဈာပနစည်ကားရေးအတွက်ကိုမူ ရှိသမျှကလေးကိုရောင်းချ၍ အကုန်ခံတတ်ကြ၏။ တချို့ကလည်း ကွယ်လွန်သူကိုရည်စူး၍ လှူဒါန်းခဲ့လျှင် ဤကောင်းမှုအတွက် ကွယ်လွန်သူက တမလွန်ဘဝ၌ ခံစားခွင့်ရှိသည်ဟု ယုံကြည်ကြ၏။ ကွယ်လွန်သူသည် ဘဝတစ်ပါး၌ ပြိတ္တာဖြစ်နေခဲ့ပါမူ ဤကောင်းမှုအတွက် သာဓုခေါ်နိုင်ခွင့်ရှိ၍ ကျွတ်နိုင်သည်ဟု ပေတဝတ္ထု၌ ဗုဒ္ဓဟောတော်မူဖူးခြင်းမှတစ်ပါး ကျန်ရစ်သူများကပြုသော ကောင်းမှုအတွက် ကွယ်လွန်သူက အကျိုးခံစားခွင့်ရှိသည်ဆိုခြင်းကို ကျမ်းဂန်၌မတွေ့ရဖူးပေ။ စေတနာကြောင့်အကျိုးပေးသည်ဟု ဗုဒ္ဓဟောတော်မူခဲ့ရာ ကျန်ရစ်သူများ၏စေတနာကြောင့် ကွယ်လွန်သူအဖို့၌ အကျိုးပေးသည်ဆိုခဲ့လျှင် စေတနာရှင်က တခြား၊ ခံစားရသူက တစ်ယောက်ဖြစ်နေသဖြင့် သဘာဝမကျလှချေ။ ပြိတ္တာဘဝသို့ရောက်၍ သာဓုခေါ်နိုင်ခြင်းမျိုးမှတစ်ပါး လူတစ်ဦးတစ်ယောက်က တခြားလူတစ်ဦးတစ်ယောက်အတွက် ကောင်းမှုသော်လည်းကောင်း၊ မကောင်းမှုသော်လည်းကောင်း ပြုလုပ်ပေးနိုင်သည့်နှယ် ယုံကြည်တတ်ခြင်းမှာ ကျမ်းဂန်နှင့်လည်းမညီညွတ်၊ သဘာဝလည်းမကျသော အယူဝါဒတစ်ခုဖြစ်ချေသည်။ (ကျွန်ုပ်တို့ ဗုဒ္ဓဘာသာမြန်မာလူမျိုးများအနက်တွင် ကျမ်းဂန်နှင့်



မကိုက်ညီသည့် အယူဝါဒအတော်များများရှိကြလေရာ သင်ပြထိုက်သောပုဂ္ဂိုလ်များက သင်ပြခြင်းမရှိဘဲ မျက်နှာလွဲတတ်ကြခြင်းမှာ ဝမ်းနည်းဖွယ်ရာတစ်ခုဖြစ်ပေသည်။)

**ဆန္ဒမပြည့်စုံရှာခြင်း**

ကျွန်ုပ်၏ ဖခင်က "ငါသေရင် သရဏဂုံတင်ဖို့မလိုဘူးဟေ့၊ သရဏဂုံတင်တယ်ဆိုတာ ပြိတ္တာဖြစ်မယ်ထင်တဲ့ လူများအဖို့ လုပ်ကြရတာကွဲ့" ဟုပြောဖူး၏။ ဆိုလိုခြင်းမှာ သူ၏ သီလ၊ သမာဓိကို ယုံကြည်အားထားသည့်သဘောပင် ဖြစ်လေသည်။ ကျွန်ုပ်လည်း သူ၏ဂုဏ်ကို ဤအတိုင်းပင် ယုံကြည်ပါသည်။ သို့ရာတွင် ဖခင်သည် များစွာသော လူတို့၏ဆန္ဒအတိုင်း မိမိ၏ဈာပနစည်ကားခြင်းကို လိုလားရှာပုံရသည်ဟု ကျွန်ုပ် အကဲခတ်မိ၏။ ဤနေရာ၌ မိခင်နှင့် ကျွန်ုပ်တို့မူကား မသေမီအတွင်း အထိုက်အလျောက်ကလေးမျှ အလိုဆန္ဒပြည့်ဝလျှင် တော်ပါပြီ၊ သေကံကောင်းသည်ဆိုသော ဈာပနစည်ကားခြင်းမျိုးကို တောင့်တောင့်တတရှိကြသူများ မဟုတ်ချေ။ ကျွန်ုပ်တို့ကား ဘဝကူးကောင်းလျှင် တော်ပါပြီ၊ ကျန်ရစ်သောအလောင်းကြီးကို ကျန်ရစ်သူများ လုပ်ချင်သလိုလုပ်ကြစေဟု သဘောထားနိုင်သူများဖြစ်ပါသည်။ သို့ရာတွင် ကျွန်ုပ်က မိမိ၏ဈာပနအတွက် ကြောင့်ကြမစိုက်သော်လည်း ဖခင်၏ဆန္ဒကို ရိပ်မိသည်ဖြစ်၍ သူ၏ဈာပနစည်ကားရေးအတွက် တတ်နိုင်သမျှကြိုးစားပါသည်။ ဖခင်၏ဆန္ဒနှစ်ခုအနက် တစ်ခုတည်းကသာ ကံအားလျော်စွာပြည့်စုံ၏။

ဖခင်၏ဈာပနနေ့၌ အလောင်းကို ရွာ၏အနောက်ဘက်၌ရှိသော သုသာန်သို့ ပို့ဆောင်ကြစဉ် ထိုအချိန်တွင် ၎င်းနယ်တစ်ဝိုက်၌ 'ကျွဲညီနောင်'ဟုခေါ်ကြသော လေယာဉ်ပျံနှစ်စင်းတို့ မကြာခဏလာရောက်ခြောက်လှန့်မှုကြောင့် ရွာသားများနှင့် ရွာနီးချုပ်စပ်မှ လူများ အလွန်ထိတ်လန့်နေကြသဖြင့် အသုဘလိုက်ပို့ဝံ့သူ အလွန်နည်းပါး၍ ကျွန်ုပ်၏မျှော်လင့်ချက်မကိုက်ဘဲ ဖြစ်နေ၏။ ဤမျှသာမကသေးချေ။ သုသာန်သို့ရောက်ကြ၍ သုသာန်ဇရပ်ထဲ၌ အလောင်းကို သရဏဂုံတင်မည်ပြုကြစဉ် လေယာဉ်ပျံနှစ်စင်း ပေါ်လာကြလေပြီ။ ကျွန်ုပ်သည် သရဏဂုံတင်ရေးနှင့်ပတ်သက်၍ ဖခင်၏စကားကို သတိရသဖြင့် မစီမံဘဲထားသော်လည်း ဆွေမျိုးများက သူတို့ဘာသာ အစီအစဉ်ပြုလုပ်ထားပြီးဖြစ်သည်နှင့် ဘာမျှမပြောဘဲ ကြည့်နေရ၏။ သို့ရာတွင် ဘုန်းကြီးများက ထုံးစံအတိုင်း သရဏဂုံတင်မည်ပြုဆဲတွင် လေယာဉ်ပျံနှစ်စင်းရောက်လာခြင်းကြောင့် ဘုန်းကြီးရော လူများပါ ထပြေးကြပါတော့သည်။ နောက်ဆုံး၌ သတ္တိကောင်းသော လူငယ်လေးငါးယောက်နှင့် ကျွန်ုပ်တို့ဇနီးမောင်နှံအပြင် ဦးလေးတစ်ယောက်သာ မြေဖို့မည့်သူရှိပါတော့သည်။ ကျွန်ုပ်သည် မြေစိုင်ခဲများကို ကျင်းထဲသို့ပစ်ချစဉ် စည်စည်ကားကားဖြစ်စေလိုသော ဖခင်၏ဆန္ဒမပြည့်ဝစေကာမူ 'ငါ့အလောင်းကို သရဏဂုံတင်ဖို့ မလိုပါဘူး' ဟု ဖခင်ပြောခဲ့သည့်အတိုင်းပင် ကံအားလျော်စွာ ဖြစ်ရပုံတို့ကို ဆင်ခြင်စဉ်းစားမိပါသေးသည်။ (မစိုးသည် လေယာဉ်ပျံမကြောက်တတ်သူတစ်ယောက်မဟုတ်ပါဘဲလျက် ဖခင်၏အလောင်းကိုမြှုပ်နှံရာတွင် ကျွန်ုပ်နှင့်အတူ အရဲစွန့်၍နေခြင်းအတွက် ချီးကျူးမိပါသည်။ လေယာဉ်ပျံနှင့်ပတ်သက်၍ 'မရဲသော်လည်း ပြေးခဲစေ' ဆိုသော မြန်မာစကားပုံအရ ကျွန်ုပ်ထံမှ အတုယူခြင်းဖြစ်လေသလောဟူ၍လည်း ကျေနပ်ခဲ့ပါသည်။

**အံ့ဩလောက်အောင် စကားပီလှသူ**

ဖခင်၏ဈာပနကိစ္စပြီးစီး၍ များမကြာမီ ဂျပန်စစ်သားများသည် ကျွန်ုပ်တို့၏ခြံကြီးထဲသို့ တပ်ချီ၍ဝင်လာကြပြီး အစုအအုပ်နှင့် စတည်းချနေခြင်းကိုကြုံရ၏။ ကျွန်ုပ်သည် ဂျပန်စစ်သားများကို အဝေးမှသာ မြင်တွေ့ရ၍ တစ်ခါတစ်ရံမျှသာ စကားပြောဖူးသည်နှင့် ၎င်းတို့အကြောင်းကို လေ့လာခွင့်မရခဲ့ချေ။ ထိုအခါ၌မူ ကျွန်ုပ်တို့၏ခြံကြီးထဲတွင် ကျွန်ုပ်တို့နှင့် အတူနေထိုင်လျက်ရှိကြသောကြောင့် သူတို့၏အလေ့အကျင့်များကို နီးကပ်စွာလေ့လာခွင့်ရ၏။ ဤတစ်လော၌ ဂျပန်တပ်များသည် မြောက်အရပ်မှ တောင်အရပ်သို့ တစ်သုတ်ပြီးတစ်သုတ် ရွှေ့ပြောင်းကြခြင်းကို မြင်ရ၍ (သတင်းစာမဖတ်ရသော ထိုခေတ်တွင်) စစ်အခြေအနေအကြောင်းကို မကြားရဘဲ အကဲခတ်ခြင်းဖြင့်သာသိရ၏။ ကျွန်ုပ်တို့၏ခြံအတွင်း၌ စတည်းချလျက်ရှိသော ဂျပန်စစ်တပ်မှာ နောက်ဆုံးရောက်လာသော စစ်တပ်ဖြစ်၍ ငှက်ဖျားမိလာသောစစ်သားအတော်များများပါလာကြသည်။ ရောဂါသည်များသည် ခြံကြီးအတွင်း မြေကြီးပေါ်၌ အိပ်ကြရ၍ အစားအသောက် အအိပ်အနေဆင်းရဲကြသည့်ပြင် ငှက်ဖျားသမားများလည်း ဆေးဝါးကောင်းစွာမှီဝဲကြရပုံ မရသည်ကိုတွေ့ရ၍ ဂျပန်ဘက်မှ စစ်အခြေအနေ အတော်ဆိုးနေဟန်တူသည်ဟု အကဲခတ်မိ၏။ ကျွန်ုပ်သည် မြန်မာစကားတတ်သော ဂျပန်စစ်ဗိုလ်ကလေးများနှင့်စကားပြောရင်း အခြေအနေကိုတီးခေါက်စုံစမ်းချင်သော်လည်း ပြောမှားဆိုမှားဖြစ်သွားခဲ့လျှင် (ကျွန်ုပ် အင်္ဂလိပ်စကားပြောတတ်ခြင်းကို သူတို့သိသည်နှင့်) အင်္ဂလိပ်သူလျှိုဟု အထင်ခံရမည်စိုးသောကြောင့် နှုတ်ခပ်ဆိတ်ဆိတ်လုပ်နေရ၏။ ဤအတောအတွင်း ဂျပန်စစ်ဗိုလ်ကလေးများ၏ မြန်မာစကားပီသအောင် ပြောတတ်ခြင်းနှင့် စကားသုံးနှုန်းတတ်ခြင်းကို တအံ့တဩတွေ့ရှိရ၏။ ဥပမာ တစ်ညနေ၌ ကျွန်ုပ်သည် ရွာထဲမှ ပြန်လာ၍ ကျွန်ုပ်တို့၏ ဝင်းခြံထဲသို့ ဝင်မိသည်နှင့်တစ်ပြိုင်နက် "ဦးဖေသိန်း ဘယ်ကကြွလာပါသလဲ ခင်ဗျား" ဟု မေးသံကြားလိုက်ရသည်နှင့် အသံကြားရာဘက်သို့ လှည့်ကြည့်လိုက်၏။ ကျွန်ုပ်၏စိတ်ထဲ၌ ဝက်လက်မှ မိတ်ဆွေတစ်ယောက်ဖြစ်လိမ့်မည်ထင်ရာ ကာကီယူနီဖောင်းနှင့် စီးကရက်တစ်လိပ်သောက်လျက်ရှိသော ဂျပန်စစ်သားတစ်ယောက်ကိုမြင်ရ၍ အလန့်တကြားဖြစ်သွားမိပါသည်။

ဂျပန်သည် ကျွန်ုပ်၏အံ့ဩသောမျက်နှာကို မြင်သည်တွင် ခပ်ပြုံးပြုံးမျက်နှာထားနှင့် "ကျွန်တော်က စစ်ဗိုလ်တွေကို မြန်မာစာသင်ပေးရတဲ့ ဆရာတစ်ယောက်ပါခင်ဗျာ"ဟု ပြော၏။

**ဆက်လက်ဖော်ပြပါမည်။**

## စာဖတ်ရှိန်တိုးတက်မြင့်မားစေရန် ဟောပြောပွဲနှင့် စာစီစာကုံးပြိုင်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၅

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျောင်းသား၊ ကျောင်းသူများ ကျောင်းစာအပြင် ပြင်ပဗဟုသုတ ရရှိစေရန်၊ အပြောစွမ်းရည်များ မြင့်မားတိုးတက်စေရန်နှင့် စာဖတ်ရှိန်တိုးတက်မြင့်မားစေရန်ရည်ရွယ်၍ ဟောပြောပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇူလိုင်လ ၁၅ ရက်တွင် ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်ဇော်က ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပရခြင်း၏ရည်ရွယ်ချက်ကို ပြောကြားသည်။

ထို့နောက် စာပေချစ်မြတ်နိုးသူများအသင်းဥက္ကဋ္ဌ စာရေးဆရာ ဦးစိုးမိုးသိန်းက ကျပန်းစကားပြောပြိုင်ပွဲနှင့် ပတ်သက်သည့် သိကောင်းစရာများကို ဟောပြောပြီး စာရေးဆရာ ဦးခင်မောင်နိုင်(ဝေဒ) က အမှတ်ပေးစည်းမျဉ်းများကို ပြောကြားသည်။

ယင်းနောက် ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများက ကျရာခေါင်းစဉ်များဖြင့် ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြပြီး




ပြိုင်ပွဲတွင်ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများကို တာဝန်ရှိသူများက ဆုများ အသီးသီးချီးမြှင့်ပေးအပ်ကြောင်း သိရသည်။

ချမ်းမြေ့



# ပန်းတိုင်ရောက်တဲ့အထိ

**ပန်းတိုင်ရောက်တဲ့အထိအောင်မြင်လာတဲ့တိုင်အောင်ကျွန်တော်တို့ကကြိုးစားမှု၊ အားထုတ်မှုကို လျှော့လို့မဖြစ်နိုင်ဘူး။ လုံ့လဝီရိယကို လျှော့လို့မဖြစ်နိုင်ဘူး။ ဆတက်ထမ်းပိုးသာ ကျွန်တော်တို့ လုပ်ဖို့လိုတယ်။**

(၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့ မြို့တော်ခန်းမကြီး၌ကျင်းပသော ပြည်သူ့အစည်းအဝေးကြီးတွင် ဗိုလ်ချုပ်အောင်ဆန်းပြောကြားသည့်မိန့်ခွန်းမှကောက်နုတ်ချက်)

## ကရင်ပြည်နယ် / ခရိုင် / မြို့နယ်တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေးလုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ဘားအံ ဇူလိုင် ၁၅

ကရင်ပြည်နယ် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး လုပ်ငန်းကော်မတီနှင့် ခရိုင်/မြို့နယ်တိုးတက်ခိုင်မာအားကောင်းသည့်လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင်လ ၁၄ ရက်နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပသည်။



အစည်းအဝေးတွင် ကရင်ပြည်နယ်တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းကော်မတီနာယက ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမှာစကားပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ်တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်နယ်အစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက လူမှုအဖွဲ့အစည်းပေါင်းစုံပါဝင်သည့်စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဆွေးနွေးတင်ပြပြီး အတွင်းရေးမှူးနှင့်တွဲဖက်အတွင်းရေးမှူးများက သဘာဝဘေးဒဏ်သင့်ပြည်သူများအတွက်တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး အခြေခံလိုအပ်ချက်များ၊ ကျန်းမာရေးဆိုင်ရာစောင့်ရှောက်မှုများ၊ ပညာရေးဆိုင်ရာဖြည့်ဆည်းမှုများ၊ သတင်းအချက်အလက်များ ဖြန့်ဝေပေးခြင်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာကူညီမှုများ၊ သဘာဝဘေးအသိပညာပေးလုပ်ငန်းများနှင့်ကူညီဆောင်ရွက်ပေးမည့်လုပ်ငန်းများ၊ ဆောင်ရွက်မည့်ဧရိယာနှင့်နည်းလမ်းများကို ဆွေးနွေးတင်ပြကြကာ ပြည်နယ်ကော်မတီဝင်များက သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက သက်ဆိုင်ရာခရိုင်များအလိုက် အသက်မွေးဝမ်းကျောင်းဆိုင်ရာများ၊ ပညာရေး၊ ကျန်းမာရေး၊ စာကြည့်တိုက်များဖွင့်လှစ်ထားရှိမှု၊ သဘာဝဘေးကြိုတင်ပြင်ဆင်ထားရှိမှုများကို ဆွေးနွေးတင်ပြကြပြီး အစည်းအဝေးတက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

(၄၀၆)

## အောင်နိုင်တိုးစပါးမျိုးများ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်း လက်တွေ့သရုပ်ပြပွဲကျင်းပ

ဝါးခယ်မ ဇူလိုင် ၁၅

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် သဲကုန်းကျေးရွာရှိ တောင်သူဦးရွှေပွား၏လယ်မြေ နှစ်ဧက၌ အထွက်ကောင်းမျိုးဖြစ်သည့် အောင်နိုင်တိုးစပါးမျိုးများ ကောက်စိုက်စက်ဖြင့်စိုက်ပျိုးခြင်း လက်တွေ့သရုပ်ပြပွဲကို ဇူလိုင်လ ၁၅ ရက်နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက သရုပ်ပြပွဲသို့တက်ရောက်လာသည့် သဲကုန်း၊ ကြာဖြူ၊ ကြခတ်ကုန်း၊ အူကျွန်းအပါအဝင် အနီးအနားရှိကျေးရွာများမှ တောင်သူလယ်သမားများနှင့်တွေ့ဆုံကာ ကြွခင်းများပပျောက်ရေး၊ ပြည်တွင်းစားနပ်ရိက္ခာပြည့်စုံဖူလုံရေးနှင့် ပန်းတိုင်အထွက်နှုန်း စပါးတင်း ၁၀၀ နှင့်အထက်ထွက်ရှိအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းမှာကြားကာ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ တောင်သူ ဦးရွှေပွား၏ လယ်မြေသုညဒသမ ၂၇၅ ဧက၌ ပေါ်ဆန်းမျိုး ၁၁ မျိုး ယှဉ်ပြိုင်စမ်းသပ်ကွက်စိုက်ပျိုးထားရှိမှုကိုလည်းကောင်း၊ တောင်သူဦးစလားသာ၏ လယ်မြေ သုံးဧက၌ ဆင်းသုခစပါးမျိုးများကို ကောက်စိုက်သမများဖြင့် လက်စိုက်စိုက်ပျိုးနေမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုအားပေးကြောင်း သိရသည်။ **လွှမ်းသီဟ(ဝါးခယ်မ)**



## အခြေခံပညာကျောင်းပေါင်းစုံ ၁၆ နှစ်အောက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကျင်းပ

မုဒုံ ဇူလိုင် ၁၅

မွန်ပြည်နယ် မုဒုံမြို့နယ်ရှိ မြို့နယ်မီတာ ၂၀၀ ဘောလုံးကွင်း၌ မိုးရာသီအခြေခံပညာကျောင်းပေါင်းစုံ ၁၆ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲအခမ်းအနားကို ဇူလိုင်လ ၁၄ ရက်တွင် ကျင်းပသည်။

ပြိုင်ပွဲတွင် အခြေခံပညာကျောင်းများမှ ဘောလုံးအသင်း ၁၁ သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ဗိုလ်လုပွဲစဉ်တွင် အခြေခံပညာအထက်တန်းကျောင်း(ကလေ့သော့)အသင်းနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အခြေခံပညာအထက်တန်းကျောင်း(ကလေ့သော့)အသင်းက အနိုင်ရရှိသည်။

ဆက်လက်၍ ဆုပေးပွဲကိုကျင်းပရာ တံခွန်စိုက်ဒိုင်းဆု (ပထမ)၊ ဒုတိယဆု၊ တတိယဆု၊ စတုတ္ထဆုနှင့်အကောင်းဆုံးကစားသမားဆုရရှိသူများကို မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ကြောင်း သိရသည်။

ရာမည(ပြန်/ဆက်)

### MWD Education, Knowledge & Sports Channel

၁၆-၇-၂၀၂၅(ဗုဒ္ဓဟူးနေ့)

| | | | | |
|---|---|---|---|---|
| ၁။ | ၀၇:၀၀ - | ၀၈:၂၅ | Grade – 7 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ - | ၁၆:၅၆ | Grade – 7 | အင်္ဂလိပ်စာ၊ သင်္ချာ(၁) |
| ၃။ | ၁၆:၅၆ - | ၁၇:၃၄ | Grade – 7 | သင်္ချာ(၂)၊ ပထဝီဝင် |
| ၄။ | ၁၇:၃၄ - | ၁၉:၀၇ | Grade – 7 | သမိုင်း၊ သိပ္ပံ |

# ဒေးဒရဲမြို့နယ်၌ ရေလမ်းခရီးသွားပြည်သူများအား အသက်ကယ်အင်္ကျီ စနစ်တကျအသုံးပြုနိုင်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်


ဒေးဒရဲ ဇူလိုင် ၁၅

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ကြီးကြပ်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ ကျေးရွာအုပ်စုများရှိ ရေလမ်းခရီးသွားပြည်သူများ ရေကြီးရေလျှံမှုများကြောင့် ဘေးအန္တရာယ်တွေ့ကြုံလာပါက အသက်ကယ်အင်္ကျီ စနစ်တကျအသုံးပြုနိုင်ရေး အသိပညာပေးလုပ်ငန်းများကို ဇူလိုင်လ ၁၄ ရက်က မြို့ပေါ်ရပ်ကွက်များရှိ ရေယာဉ်ဆိပ်ကမ်းများ၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဟန်ဝင်းစိုးနှင့် တပ်ဖွဲ့ဝင်များက မိုးရာသီကာလတွင် ရုတ်တရက်ဖြစ်ပေါ်နိုင်သည့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရုတ်တရက်ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာနိုင်သဖြင့် ပင်လယ်ကမ်းရိုးတန်းနှင့် မြစ်၊ ချောင်းများတစ်လျှောက်နေထိုင်ကြသူများ၊ ရေလုပ်ငန်းလုပ်ကိုင်သူများ၊ ရေလမ်းခရီးသွားပြည်သူများအနေဖြင့် ကြိုတင်သတိပြုနေထိုင်ကြရန်နှင့် အသက်ကယ်အင်္ကျီများ အိမ်တိုင်းဆောင်ထားရန် အသိပညာပေးဟောပြောခြင်း၊ အသက်ကယ်အင်္ကျီ စနစ်တကျဝတ်ဆင်အသုံးပြုနည်းများကို လက်တွေ့ပြသဆောင်ရွက်ခဲ့ပြီး ခရီးသည်တင်ရေယာဉ်များတွင် အသက်ကယ်ဖောကွင်း၊ အသက်ကယ်အင်္ကျီများ အဆင်သင့်ထားရှိမှုများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ဒေးဒရဲမြို့နယ်အတွင်းရှိ ပြည်သူများ သဘာဝဘေးအန္တရာယ်များမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ချက်များကို ပြည်သူများသိရှိနိုင်စေရန် အချိန်နှင့်တစ်ပြေးညီထုတ်လွှင့်ပေးခြင်း၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ရပ်ကွက်၊ ကျေးရွာများအရောက်ဟောပြောဆွေးနွေးခြင်းနှင့် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက အချိန်မီကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များနှင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းသုံးပစ္စည်းများ အသင့်ကြိုတင်ပြင်ဆင်စုဖွဲ့ထားကြောင်း သိရသည်။

**အေဇာလင်း**




# စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ဟောပြောပွဲကျင်းပ



ရန်ကုန် ဇူလိုင် ၁၅

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ခရိုင် ဒဂုံ(ဆိပ်ကမ်း)မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ဟောပြောပွဲကို ဇူလိုင်လ ၁၅ ရက်တွင် ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစည်သူမောင်မောင်က ဌာနအနေဖြင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် ပြပွဲ၊ ပြိုင်ပွဲများကို လစဉ်အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ စာပေနှင့်ပတ်သက်၍ အသိပညာဗဟုသုတများတိုးပွားစေရန် စာကြည့်တိုက်များ ဖွင့်လှစ်ထားကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အခြေခံပညာအလယ်တန်းအဆင့် စာဖတ်စွမ်းရည်ပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူ ၃၀ ဦးက စိတ်ဓာတ်တွေဘုံဖျားရောက်ကြမှခေါင်းစဉ်ဖြင့်ယှဉ်ပြိုင်ကြရာ မြို့နယ်စာရေးဆရာအသင်းမှ အမှတ်ပေးဒိုင်များအဖြစ် ကူညီဆောင်ရွက်ပေးခဲ့ကြောင်း၊ ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သုတ၊ ရသ စာအုပ်များနှင့် နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ဖြိုးစန္ဒာ(ပြန်/ဆက်)**

# ဘားအံမြို့နယ် တောင်ကလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အငှမအကြိမ်ထုတ်ချေး

ဘားအံ ဇူလိုင် ၁၅

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် တောင်ကလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ အငှမအကြိမ်ထုတ်ချေးခြင်းကို ဇူလိုင်လ ၁၅ ရက်တွင် ဆောင်ရွက်သည်။

ရှေးဦးစွာ ဘားအံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်ဇာလီထွန်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ တခြားမိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများက တောင်ကလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်း အငှမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၃ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၁ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၅ ဦးကို စီမံကိန်းရန်ပုံငွေ ငွေကျပ်သိန်း ၄၉၀ ကို အတိုးနှုန်းသက်သာစွာထုတ်ချေးပေးကြောင်း သိရသည်။

**ကိုသက်**

# လှည်းကူးမြို့နယ် သခွတ်ပင်ကျေးရွာ၌ မိုးရာသီသစ်ပင် စိုက်ပျိုးပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၅

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးခရိုင် လှည်းကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် သစ်တောဦးစီးဌာနတို့ပူးပေါင်း၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို သခွတ်ပင်ကျေးရွာ၌ ဇူလိုင်လ ၁၄ ရက်က ကျင်းပသည်။



ရှေးဦးစွာ လှည်းကူးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းနောင်နှင့် တာဝန်ရှိသူများက ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် သခွတ်ပင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများထံသို့ မဟော်ဂနီပျိုးပင် ၁၀၀၀ နှင့် မန်ကျည်းရှားပျိုးပင် ၁၀၀၀ စုစုပေါင်းပျိုးပင် ၂၀၀၀ ကို ပေးအပ်ရာ ၎င်းတို့က သခွတ်ပင်ကျေးရွာ ကုန်ထုတ်လမ်းဘေး ဝဲ၊ ယာ၌ မဟော်ဂနီနှင့် မန်ကျည်းရှားပျိုးပင် ၂၀၀၀ ကို စနစ်တကျ စိုက်ပျိုးကြသည်။

အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**အထွေး**

# မိတ္ထီလာမြို့ရှိ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၏ (၄၇) နှစ်မြောက် ကျောင်းနှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ



**နေပြည်တော် ဇူလိုင် ၁၅**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်သည် ယနေ့တွင် ဝန်ကြီးဌာနမှ ဌာနအကြီးအမှူးများ၊ မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာများနှင့်အတူ မိတ္ထီလာမြို့ရှိ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၏ (၄၇) နှစ်မြောက် ကျောင်းနှစ်ပတ်လည်နေ့ အခမ်းအနားသို့တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားပြီး ကျောင်းဝင်းအတွင်းရှိ သင်တန်းခန်းမနှင့် သင်တန်းသရုပ်ပြဆောင်များ၊ သက်သာချောင်ချိရေးအတွက် ဆောင်ရွက်ထားသည့် စိုက်ပျိုးရေးနှင့်မွေးမြူရေးခြံများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့်အတူ တက်ရောက်လာကြသည့် ဌာနအကြီးအမှူးများက သက်ဆိုင်ရာကဏ္ဍများ၌ ထူးချွန်ဆုရရှိကြသူများအား ဂုဏ်ပြုဆုများချီးမြှင့်ခဲ့သည်။

ထို့နောက် ကျောင်းအုပ်ကြီးက ကျောင်းဝင်းအတွင်းရှိရထားသင်တန်းသရုပ်ပြဆောင်များဖြစ်သည့် ရထားမြို့ပြ သရုပ်ပြဆောင်၊ ရထားစက်မှုနှင့် လျှပ်စစ်သရုပ်ပြဆောင်၊ ရထားသွားလာပို့ဆောင်ရေး သရုပ်ပြဆောင်နှင့်မော်တော်ယာဉ်သင်တန်း သရုပ်ပြဆောင်တို့အား လိုက်လံရှင်းလင်းပြသခဲ့ရာ ဒုတိယဝန်ကြီးက သင်တန်းသားများကို ဌာနအဖွဲ့အစည်းများအတွက် စွမ်းဆောင်ရည်မြင့်မားသော ဝန်ထမ်းများဖြစ်အောင် လေ့ကျင့်သင်ကြားပေးရန်၊ သင်တန်းအလိုက် သင်တန်းသားများ အမှန်တကယ် ကျွမ်းကျင်တတ်မြောက်စေရန်နှင့် ဝန်ထမ်းများအနေဖြင့် သင်တန်းမှရရှိခဲ့သည့် အသိပညာ၊ အတတ်ပညာများကို လက်တွေ့လုပ်ငန်းခွင်တွင်ပြန်လည်အသုံးချနိုင်စေရန်အတွက် နည်းပြများအနေဖြင့် စနစ်တကျ လေ့ကျင့်သင်ကြားပေးရန်လိုကြောင်း ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ကျောင်းအတွင်း ဝန်ထမ်းမိသားစုများနှင့် သင်တန်းသားများ၏ သက်သာချောင်ချိရေးအတွက် ငါးမွေးမြူထားရှိမှု၊ ကြက်မွေးမြူရေးခြံ၊ ဘဲမွေးမြူရေးခြံ၊ ဝက်မွေးမြူရေးခြံနှင့် နွားမွေးမြူရေးခြံများဖြင့် မွေးမြူရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ထားမှုနှင့် မှိုစိုက်ပျိုးရေးဆောင်ရွက်ထားမှု အခြေအနေတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ်ကြီးနှင့်သက်ဆိုင်ရာတာဝန်ခံများက ရှင်းလင်းတင်ပြခဲ့ပြီး ဒုတိယဝန်ကြီးက ကျောင်းရှိသင်တန်းသားများနှင့် ဝန်ထမ်းမိသားစုများအတွက် အထောက်အပံ့ဖြစ်စေရန် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ယခုအောင်မြင်တိုးတက်နေသည်ထက် ပိုမိုတိုးတက်အောင်မြင်အောင် ဆောင်ရွက်သွားရန်နှင့် နေရာဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျ ဦးစားပေးလုပ်ကိုင်ဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်းသိရသည်။ **မြဝတီ**

# တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခွင့် ဆက်လက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၅**

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့လျှောက်ထားလျက်ရှိကြရာ ယနေ့အထိ ပါတီတည်ထောင်ခွင့် လျှောက်ထားလာသည့်အဖွဲ့ ၂၇ ဖွဲ့ရှိပြီး လျှောက်ထားသည့်အဖွဲ့များအနက် နိုင်ငံရေးပါတီ ၁၉ ပါတီကို တည်ထောင်ခွင့်ပြုပြီးဖြစ်သည်။

အဆိုပါတည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၁၉ ပါတီအနက်ခွန်သန်းမြင့်ခေါင်းဆောင်သည့် **ပအိုဝ်းအမျိုးသားညီညွတ်ရေးပါတီ**က ပါတီတည်ထောင်ခွင့်ပြုသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ ယနေ့တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားလာသည်။

ယင်းသို့မှတ်ပုံတင်ခွင့်ပြုရန်လျှောက်ထားသည့် နိုင်ငံရေးပါတီ ၁၉ ပါတီအနက် ပါတီ ၁၅ ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး ကျန်ပါတီများကို မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**မြဝတီ**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၁၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "@moekyaw 3739" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ကံဘဲ့ကျေးရွာနေ မိုးကျော်အား ည ၆ နာရီခွဲတွင် ဘုရားကြီးနယ်မြေရဲစခန်း၌ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(၁၀၀)**

# ချောက်မြို့၊ ဆိပ်သာမြို့၊ ဟသ်ာတမြို့၊ ဇလွန်မြို့၊ ညောင်ဦးမြို့နှင့် မဒေါက်မြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်

**နေပြည်တော် ဇူလိုင် ၁၅**

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ချောက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေ၀က်ခန့်တွင်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ပေ၀က်ခန့်တွင်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဟသ်ာတမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ပေ၀က်ကျော်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ၁ ပေခွဲခန့်တွင်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၁ စင်တီမီတာခန့်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ၂ လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေ၀က်ခန့်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ၂ လက်မခန့်ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ညောင်ဦးမြို့နယ်၊ မဒေါက်မြို့နယ်၊ ချောက်မြို့နယ်၊ ဟသ်ာတမြို့နယ်၊ ဇလွန်မြို့နယ်နှင့် ဆိပ်သာမြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**(မိုး/ဇလ)**

# အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

**နေပြည်တော် ဇူလိုင် ၁၅**

၂၀၂၅ ခုနှစ် ဇူလိုင်လ ၁၄ ရက် မြန်မာစံတော်ချိန် ၂၁ နာရီ၊ ၄၉ မိနစ်၊ ၅၃ စက္ကန့်အချိန်တွင် ကျိုင်းတုံမြေငလျင်စခန်းမှ အရှေ့-အရှေ့မြောက်ဘက် ၂၀ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (မိုင်းလားမြို့၏ တောင်-အနောက်တောင်ဘက် ၂၂ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၁ ဒသမ ၃၈ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၉ ဒသမ ၈၈ ဒီဂရီ၊ အနက် ၇ ကီလိုမီတာကိုဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၃ ဒသမ ၇ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

**(မိုး/ဇလ)**

# ညနေစောင်းချိန် ရေချိုးသူများ သွေးတိုးရောဂါရနိုင်

**"ညနေဘက် ရေချိုးလေ့ရှိသူများသည် အသက်ငယ်စဉ်တွင် မသိသာသော်လည်း သွေးကြောများ မာဆတ်သည့်အရွယ်၊ တစ်နည်းအားဖြင့် သွေးဖိအားကို မခံနိုင်တော့သည့်အရွယ် အသက် ၄၅ နှစ်ကျော်လျှင် သွေးတိုးရောဂါဝင်ရောက်လာတတ်ခြင်းကြောင့် ညနေစောင်းချိန် ရေချိုးခြင်းကို ရှောင်ကြဉ်သင့်. . ."**

သွေးတိုးရောဂါဆိုသည်မှာ သွေးပေါင်ချိန်ကိရိယာဖြင့် လက်မောင်း၊ တံတောင်ဆစ်ကွေးအနီးမှ သွေးကြောကိုဖိ၍ ပိတ်ထားပြီး ပြန်လွှတ်ပေးလိုက်သောအခါ တိုး၍ စီးဆင်းနိုင်သောဖိအား၊ အပေါ်သွေးနှင့် ငြိမ်သက်သွေးတိုးအား၊ အောက်သွေးတို့ကို တိုင်းတာသည့်အခါ အပေါ်သွေးတိုးအား BP 140 mm/Hg မှ BP 90 mm/Hg အထက်တိုးနေလျှင် သွေးတိုးရောဂါရှိသည်ဟု ခေါ်သည်။ ဤသည်မှာ အနောက်တိုင်းဆေးပညာ၏ လေ့လာသတ်မှတ်ချက်ဖြစ်သည်။

မြန်မာ့တိုင်းရင်းဆေးပညာ၌ အရေးပါသော သွေးစမ်းပညာတွင် လက်ကောက်ဝတ် (လက်မအရင်း) သွေးစမ်းသောအခါ သွေးလုံးပွ၍ ကြီးပြီး မြွေကွဲသို့ တွန့်လိမ်၍တိုးလျှင် သွေးတိုးရောဂါဟု သတ်မှတ်ကြသည်။ အပေါ်သွေးတိုးလျှင် နားထင်ရှိသွေးကြောမှာ တဒိတ်ဒိတ်တိုးပြီး ခေါင်းကိုက်ခြင်းဝေဒနာကိုပါ တွဲလျက်ခံစားရလေ့ရှိသည်။

သွေးတိုးခြင်း အကြောင်းရင်းများစွာရှိသည်။ အစာမကြေ၍ဖြစ်သော သွေးတိုး၊ စိတ်တို၍ဖြစ်သော သွေးတိုး၊ အအေးပတ်၍ဖြစ်သော သွေးတိုး၊ အငန်အစားများ၍ဖြစ်သော သွေးတိုး၊ လေစာ အခါးခတ်များသောအစာများစား၍ လေကြောင့်ဖြစ်သော သွေးတိုး၊ ပန်ကာလေပြင်းစွာခံ၍ အခိုးငုပ်ပြီးဖြစ်သောသွေးတိုး စသည့် အကြောင်းများစွာကြောင့် သွေးတိုးရောဂါရနိုင်သည်။

အထက်ပါအစားအသောက်၊ အနေအထိုင်မှား၍ ရုတ်တရက်ဖြစ်သော သွေးတိုးအပြင် အလေ့အကျင့်၊ အပြုအမူအမှားကြောင့်ဖြစ်ရသော သွေးတိုးရောဂါတစ်မျိုးမှာ နေ့စဉ် ညနေစောင်းချိန်တွင် ရေချိုးလေ့ရှိသူများတွင် ဖြစ်ပွားတတ်ကြောင်း တွေ့ရှိရသည်။ အထူးသဖြင့် ဈေးရောင်းသူများ၊ ရုံးဝန်ထမ်းများအနေဖြင့် ညနေအိမ်ပြန်ရောက်ပြီး ထမင်းမစားမီ ရေချိုးလေ့ရှိကြသည်။ နှစ်ကြာလာသောအခါ ထိုသူများသည် သွေးတိုးရောဂါဝင်ရောက်လာသည်ကို တွေ့ရှိရသည်။

ဤသို့ဖြစ်ရခြင်း အကြောင်းရင်းမှာ နေသည် ညနေစောင်း အနောက်ဘက်ဂေါယာစွန်းတွင် ဝင်ရောက်ပျောက်ကွယ်သွားသည်။ မြန်မာ့ဆေးပညာအယူအဆအရ ထိုအချိန်သည် အခိုးငုပ်ချိန်ဖြစ်သည်။

အခိုးငုပ်ချိန်တွင် နေ့စဉ်ရက်ဆက် ရေချိုးသူများသည် အရေပြားမှတစ်ဆင့် သွေးကြောများတွင် အခိုးငုပ်သည်။ ထိုမှကြာလာသောအခါ အဆုတ်တွင် အပူငုပ်ရာမှတစ်ဆင့် နှလုံးအိမ်ထိအောင် အခိုးငုပ်ခြင်းဖြစ်သည်။ နှလုံးသည် လူ၏ခန္ဓာကိုယ်တစ်ခုလုံးသို့ သွေးဖြန့်ဝေခြင်းဖြစ်သည်။ အခိုးငုပ်နေသောနှလုံးသည် လေပူကိုတွန်းလှန်၍ ဆောင့်တိုးရခြင်း၊ ပို၍ ညှစ်အားသုံးရခြင်းကြောင့် သွေးတိုးခြင်း၊ (တစ်နည်း) သွေးပေါင်တက်ရခြင်းဖြစ်သည်။

ညနေဘက် ရေချိုးလေ့ရှိသူများသည် အသက်ငယ်စဉ်တွင် မသိသာသော်လည်း သွေးကြောများ မာဆတ်သည့်အရွယ်၊ တစ်နည်းအားဖြင့် သွေးဖိအားကို မခံနိုင်တော့သည့်အရွယ် အသက် ၄၅ နှစ်ကျော်လျှင် သွေးတိုးရောဂါဝင်ရောက်လာတတ်ခြင်းကြောင့် ညနေစောင်းချိန် ရေချိုးခြင်းကို ရှောင်ကြဉ်သင့်ကြောင်း သတိပေးရေးသားလိုက်ရပါသည်။

ကြည်လွင်မြင့်(မုဒြာ)

# ဝမ်းချုပ်ခြင်းကြောင့်ဖြစ်သော သွေးတိုးရောဂါ

နံနက်အိပ်ရာထချိန် ဝမ်းကောင်းစွာမသွားလျှင် တစ်နေ့လုံး မအီမသာဖြစ်ပြီး ခေါင်းမူးခြင်း၊ နောက်ကျောတက်ခြင်း၊ စိတ်မကြည်ခြင်းများဖြစ်လာတတ်သည်။ နံနက်အိပ်ရာထချိန် ဝမ်းမသွားသည့်တိုင် နံနက်စာစားပြီးချိန်၊ အလုပ်မသွားမီ ဝမ်းသွားလျှင်လည်း နေသာသေးသည်။ သို့မဟုတ်ပါက တစ်နေကုန် နေမကောင်းဖြစ်တတ်သည်။

ဝမ်းချုပ်ခြင်းကြောင့်ဖြစ်သော နောက်ဆက်တွဲရောဂါအမျိုးမျိုးတွင် သွေးတိုးရောဂါခံစားရသူ ပိုများလာသည်။ တချို့မှာ ဆရာဝန်ပေးသောသွေးကျဆေးကို မှန်မှန်သောက်လေ့မရှိဘဲ ခေါင်းမူးခေါင်းကိုက် အစားမှားမှသာ သောက်လေ့ရှိကြသည်။ ထိုသူများ သွေးပေါင်ချိန်တက်ပြီး သွေးတိုးသည့်နေ့များကို လေ့လာကြည့်လျှင် ဝမ်းချုပ်သောနေ့များဖြစ်ကြောင်း တွေ့ရသည်။

သွေးတိုးရောဂါသည် ခန္ဓာကိုယ်၏ သွေးလှည့်အဖွဲ့၊ သွေးကြောများအတွင်း အဆီအနှစ်များထုတက်ပြီး ကျဉ်းမြောင်းလာရာမှ အစပြုခြင်းဖြစ်သည်။ သွေးပိုက်လိုင်းကျဉ်းသွားသဖြင့် နှလုံးမှသွေးသွားအောင် ပို၍ညှစ်ပေးရာမှ ဖိအားတိုးလာခြင်းကို သွေးတိုးသည်ဟု ခေါ်သည်။ အမှန်မှာ သွေးများတိုးလာသည်မဟုတ်၊ သွေးပို့ပေးသည့် နှလုံးညှစ်အားတိုးလာခြင်းသာဖြစ်သည်။

အငန်စား၍ သွေးတိုးသည်၊ အစားမှား၍ သွေးတိုးသည်၊ အအေးပတ်၍ သွေးကြောများကျုံ့၍ သွေးတိုးသည်ဟု အသိများကြသော်လည်း ဝမ်းချုပ်၍ သွေးတိုးသည်ကို လူသိနည်းကြသည်။ သွေးကျဆေးကို မှန်မှန်သောက်နေသူများပင် ဝမ်းချုပ်လျှင် သွေးပေါင်တက်ပြီး သွေးတိုးလာတတ်သည်။ ခေါင်းအုံမူးဝေလာသောအခါ သွေးကျဆေးသောက်ထားသူ သွားလာရင်း နေရာမှာပင်လဲကျသွားသူ၊ လေဖြတ်သွားသူများကို တွေ့ဖူးသည်။ လေဖြတ်သူအတော်များများကို လေ့လာကြည့်သောအခါ ဝမ်းချုပ်သူများဖြစ်ကြောင်း တွေ့ရှိရသည်။

**"ဝမ်းချုပ်သူအတော်များများသည် အထိုင်များသူနှင့် လမ်းလျှောက်နည်းသူများဖြစ်ကြောင်း တွေ့ရသည်။ ရေသောက်နည်းသူများ၊ အထူးသဖြင့် ညအိပ်ရာဝင်ချိန်နှင့် နံနက်အိပ်ရာထချိန် ရေသောက်နည်းသူများမှာ ဝမ်းချုပ်လေ့ရှိကြောင်း တွေ့ရသည်။ တချို့သူများမှာ ဝမ်းမချုပ်စေရန် ဝမ်းနုတ်ဆေးစားလေ့ရှိကြသည်။ ဝမ်းနုတ်ဆေးကို နေ့စဉ် မှန်မှန်သောက်ခြင်းသည် ကောင်းသောအလေ့အကျင့်မဟုတ်ပေ. . ."**

ဝမ်းချုပ်သူအတော်များများသည်အထိုင်များသူနှင့် လမ်းလျှောက်နည်းသူများဖြစ်ကြောင်း တွေ့ရသည်။ ရေသောက်နည်းသူများ၊ အထူးသဖြင့် ညအိပ်ရာဝင်ချိန်နှင့် နံနက်အိပ်ရာထချိန် ရေသောက်နည်းသူများမှာ ဝမ်းချုပ်လေ့ရှိကြောင်း တွေ့ရသည်။ တချို့သူများမှာ ဝမ်းမချုပ်စေရန် ဝမ်းနုတ်ဆေးစားလေ့ရှိကြသည်။ ဝမ်းနုတ်ဆေးကို နေ့စဉ် မှန်မှန်သောက်ခြင်းသည် ကောင်းသောအလေ့အကျင့်မဟုတ်ပေ။ အစာအိမ်နှင့် အူအတွင်းမှ သက်စောင့်အချွဲအမြှေးများ ပါသွားပြီး ကြာလျှင် အူရောင်ရောဂါရနိုင်သည်။ ပွေးကိုင်းပါဝင်သောဆေးများကို နှစ်ရှည်စွဲစားလျှင် အူမကြီးရောင်နာမှ အခန့်မသင့်လျှင် ကင်ဆာဖြစ်နိုင်သည်။

တိုင်းရင်းဆေးအမည်ခံ၍ ထုတ်လုပ်သော သွေးတိုးကျဆေးများကို လေ့လာကြည့်သောအခါ ဝမ်းသွားအောင်စီမံဖော်စပ်ထားသောဝမ်းနုတ်ဆေးများဖြစ်သည်။ ထိုဆေးများတွင် အမှန်တကယ် သွေးဖိအား၊ နှလုံးညှစ်အားများကို လျော့ကျစေနိုင်သော ပရဆေးအမည်များ မပါရှိဘဲ ဝမ်းသွားစေမည့် ပရဆေးအမည်များစွာ ထည့်သွင်းဖော်စပ်ထားသည်ကို တွေ့ရှိရသည်။ တချို့ဆေးများသည် သွေးတိုးကျဆေးအမည်ခံပြီး ပွေးကိုင်း၊ ကနခိုစေ့၊ မုတ်ခါး၊ မင်းကိုကာ၊ ဆားခါး၊ ဆေးပုလဲ စသည့် ဝမ်းလျှောလွယ်သည့် ပရဆေးများကို များစွာထည့်သွင်းဖော်စပ်ထားသည်ကို တွေ့ရသည်။

**ဝမ်းတစ်လုံးကောင်းလျှင် ခေါင်းတစ်လုံးမခဲ**ဟူသော စကားမှာ မှန်သော်လည်း နေ့စဉ် ဝမ်းနုတ်ဆေးသောက်နေရခြင်းသည်လည်း မကောင်းပေ။ မာသောအစာ၊ ကြေခဲသောအစာ၊ လေချုပ်သောအစာများကိုရှောင်ကြဉ်ပြီး အသီးအနှံများများစားပေးခြင်း၊ ရေများများသောက်ခြင်း၊ လမ်းမှန်မှန်လျှောက်ခြင်းပြုလုပ်ပြီး ဝမ်းအလွန်ချုပ်တတ်လျှင် သင်္ဘောသီးမှည့်၊ ဖီးကြမ်းငှက်ပျော၊ သရက်သီးမှည့်စားသုံးခြင်း၊ ဟင်းချက်လျှင် မန်ကျည်းသီးမှည့် ထည့်ချက်ခြင်း၊ ရှောက်သီးအရည်ထည့်ချက်ခြင်းဖြင့် သွေးတိုးရောဂါမှ ကာကွယ်နိုင်ကြောင်း ရေးသားလိုက်ရပါသည်။

## ခရမ်းမြို့နယ် အမှတ်(၁၁)အခြေခံပညာမူလတန်းကျောင်း၌ စာဖတ်ရှိန်မြင့်မားရေးအသိပညာပေးဟောပြောပွဲ နံရံကပ်စာစောင်ပြပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၅

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ခရမ်းမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ပူးပေါင်း၍ ဇူလိုင်လ ၁၅ ရက်တွင် ခရမ်းမြို့ အမှတ်(၁၁) အခြေခံပညာမူလတန်းကျောင်း၌ စာဖတ်ရှိန်မြင့်မားရေးအသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းဝေက ကျောင်းသား၊ ကျောင်းသူများကျောင်းစာအပြင် ပြင်ပဗဟုသုတရရှိမည့် စာပေများကို ဖတ်ရှုလေ့လာကြစေလိုကြောင်းနှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းရင်းဆေးမှူး ဒေါ်လှမြတ်ထက်က သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးနည်းလမ်းများကို ဟောပြောဆွေးနွေးပြီး စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ခံ ဒေါ်ကျော့ကေခိုင်က ကျောင်းသား၊ ကျောင်းသူများ နေ့စဉ်စားသုံးနေသောအစားအစာများစားသုံးရာတွင် လိုက်နာရမည့်အချက်များကို ဟောပြောခဲ့ကြောင်း သိရသည်။



ထို့နောက် တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော အာဇာနည်နေ့အထိမ်းအမှတ် အသိပညာပေးနံရံကပ်စာစောင်နှင့်စာအုပ်စာစောင်များကို စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာကြကြောင်း သိရသည်။ **ချမ်းမြေ့**

# လျှောင်ဘေးအန္တရာယ် သဏ္ဌာန်တူဇာတ်တိုက်လေ့ကျင့်ခြင်းဆောင်ရွက်

မြိတ် ဇူလိုင် ၁၅



တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ မြိတ်တောင်ရပ်ကွက်ရှိ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း၌ ဇူလိုင်လ ၁၄ ရက်နံနက်ပိုင်းတွင် လျှောင်ဘေးအန္တရာယ် သဏ္ဌာန်တူဇာတ်တိုက် လေ့ကျင့်ခြင်း ဆောင်ရွက်ကြောင်းသိရသည်။

ရှေးဦးစွာ မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နိုင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဦးကျော်ဇင်လတ်က ဇာတ်တိုက်လေ့ကျင့်ခန်း ပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လျှောင်ဘေးအန္တရာယ် သဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်းကိုဆောင်ရွက်ရာ ကျောင်းသား၊ ကျောင်းသူများအား လျှောင်ဘေးအန္တရာယ်နှင့်ကြုံတွေ့လာပါက လုပ်ဆောင်ရမည့်အချက်များ၊ ဘေးအန္တရာယ်ကြုံတွေ့ချိန်တွင် ထိခိုက်ဒဏ်ရာရရှိခဲ့သူများအား ရှေးဦးပြုစုခြင်းနည်းလမ်းများဖြင့်ပြုစုပြီး ဆေးကုသရန်လိုအပ်သူများအား ဆေးရုံသို့ပို့ဆောင်ရန်နည်းလမ်းအဆင့်ဆင့်ကို သရုပ်ပြဇာတ်တိုက်လေ့ကျင့်ကြသည်။

ထို့နောက် မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နိုင်က ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များအား လိုအပ်သည်များမှာကြားကာ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မြတ်မြတ်ချိုထံသို့ လျှောင်ဘေးအသိပညာပေးဗီနိုင်းအား ပေးအပ်ပြီး ကျောင်းအုပ်ဆရာမကြီးထံသို့ ကျောင်းသုံးဗလာစာအုပ်နှင့် ဘောပင်များပေးအပ်ကြောင်းသိရသည်။

(၄၁၂)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၆-၇-၂၀၂၅ (ဗုဒ္ဓဟူးနေ့)

၁။ ၀၆:၀၀ တရားတော်
၂။ ၀၈:၀၀ မောင်မယ်လေးများသိစေချင်
၃။ ၀၉:၀၀ ကျန်းမာသုတ
၄။ ၁၀:၀၀ သီချင်းလက်ဆောင်
၅။ ၁၁:၀၀ Sport Review
၆။ ၁၂:၀၀ ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု
၇။ ၁၄:၀၀ Sharing Knowledge
၈။ ၁၅:၀၀ Myanmar Traditional Food
၉။ ၁၇:၀၀ မြန်မာသံစဉ်ချိုနားဝင်
၁၀။ ၁၈:၃၀ ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ
၁၁။ ၁၉:၀၀ **ရုပ်မြင်သံကြားဇာတ်လမ်း**
**မြန်မာမော်ကွန်း (အပိုင်း-၁)**
**သရုပ်ဆောင် - နေယံ၊ သင်းသင်းယုလှိုင်**
**ဒါရိုက်တာ- စင်ရော်မောင်မောင်**
၁၂။ တရားတော်

### MWD Variety Channel

၁၆-၇-၂၀၂၅ (ဗုဒ္ဓဟူးနေ့)

၁။ ၀၉:၁၃ ရှာဖွေလေ့လာပြတိုက်မှာ
၂။ ၁၀:၃၀ မှတ်သားလေ့လာ အိမ်တွင်းမှုပညာ
၃။ ၁၁:၃၀ ကမ္ဘာတစ်ခွင် မှတ်တမ်းဝင်
၄။ ၁၄:၁၅ တစ်ပတ်အတွင်း ထိပ်တန်းရောက် ကမ္ဘာ့သတင်းသုံးသပ်ချက်
၅။ ၁၆:၃၀ သိလိုသမျှ ကျန်းမာရေးကဏ္ဍ

## ဘယ်ခါမမေ့ အာဇာနည်နေ့

❖ ဇူလိုင်တိမ်မိုး၊ မှောင်ရီစိုးလျက်
ဖြိုးဖြိုးစွေစွေ၊ ရွာနေသည်။
❖ ဇူလိုင်ဆယ့်ကိုး၊ ကြမ္မာညှိုးလျက်
အဖိုးထိုက်သည်၊ အာဇာနည်တို့
ကြွေပြီအသက် ရွေပြည်တွက်တည်း။
❖ အသားထွက်လောက်၊ သစ္စာဖောက်ကြောင့်
သက်ပျောက်လေပြီ၊ အာဇာနည်ကား
တွက်ရေကိုးဦး ရှိချေသည်။
❖ ဗိုလ်ချုပ်အောင်ဆန်း၊ ပြည်ချစ်ပန်းကား
လေးစားရမှာ၊ တို့ဝန်တာတည့်
ဘယ်ခါမခွဲ၊ တူယှဉ်တွဲ၍
အမြဲစည်းလုံး ကျင့်ဆောင်သုံးစို့။
❖ နှစ်ပေါင်းများစွာ၊ (၇၈)နှစ်ကြာလည်း
ဘယ်ခါမမေ့၊ အာဇာနည်နေ့။
❖ လွတ်လပ်ရေးတွက်၊ ဆောင်ရွက်ချက်တွင်
ခက်ခဲများစွာ၊ ရှိခဲ့ပါလည်း
ဘယ်ခါမမှု၊ သူတို့ပြု၏
ပြည်သူ့အရေး၊ စဉ်မြော်တွေးလျက်
ဆွေးနွေးတိုင်ပင်၊ ရှိကြစဉ်တွင်
ရင်နင့်ဖွယ်ကြုံတွေ့၊ ထိုသည့်နေ့ကို
မမေ့ဘယ်ခါ ရှိတော့သည်။
❖ စည်းလုံးချစ်ကြည်၊ ပြည်သစ်တည်စို့
တူညီချစ်ခင်၊ အားသစ်ဆင်စို့
နှစ်စဉ်ရှေးရှု၊ အလေးပြုစို့
ပြည်သူချစ်သား အာဇာနည်များ
လေးစားဂါရဝ ရင်မှာထား။ ။

**ချမ်းမြဆောင်း(ကလော)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# သဲကုန်းမြို့နယ်၌ လူငယ်များဗလငါးတန်ပြည့်စုံစေရန် လူငယ်စကားဝိုင်းကျင်းပ

သဲကုန်း ဇူလိုင် ၁၅


ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်များ ဗလငါးတန်ပြည့်စုံစေရန် လူငယ်စကားဝိုင်းကို အခြေခံပညာအထက်တန်းကျောင်း(ပုတီးကုန်း)ပညာရတနာခန်းမ၌ ဇူလိုင်လ ၁၄ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင့်နန္ဒာဌေးက လူငယ်များအနေဖြင့် လူငယ်စကားဝိုင်းမှ အသိပညာဗဟုသုတများ ပိုမိုရရှိစေရေး၊ စကားပြောစွမ်းရည်ကျွမ်းကျင်တတ်မြောက်ပြီး လူအများရှေ့၌ ရဲဝံ့စွာပြောဆိုတတ်စေရေး စသည့်အလေ့အကျင့်ကောင်းများရရှိစေရန် လူငယ်စကားဝိုင်းကျင်းပခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင့်နန္ဒာဌေး၊ မြို့နယ်စာရေးဆရာအသင်းဝင် ဦးထက်ပိုင်မင်းတို့က ဦးဆောင်ဆွေးနွေးသူများအဖြစ် ဆောင်ရွက်ပြီး အခြေခံပညာအထက်တန်းကျောင်း (ပုတီးကုန်း) Grade -9 မှ မောင်ဝေမှူးအောင်က လူငယ်နှင့်စာဖတ်ခြင်း၊ မခြူးရွှေရည်သာက လူငယ်နှင့်ယဉ်ကျေးမှု၊ မောင်ပြည့်ပိုင်ဖြိုးက လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်၊ မဝတ်ရည်ပန်က လူငယ်နှင့်ကျန်းမာရေးခေါင်းစဉ်တို့ဖြင့် အသီးသီးဆွေးနွေးကြသည်။

ဆက်လက်၍ အခမ်းအနားသို့တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကိုမေးမြန်းရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားပေးခဲ့သည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အာဇာနည်နေ့အထိမ်းအမှတ်အသိပညာပေးနံရံကပ်စာစောင်၊ ကလေးအလုပ်သမားပပျောက်ရေးအသိပညာပေးနံရံကပ်စာစောင်၊ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးနံရံကပ်စာစောင်များ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနံရံကပ်စာစောင်များနှင့် သုတ၊ ရသ ရရှိစေမည့် စာအုပ်စာစောင်များကို ခင်းကျင်းပြသထားရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

# ညောင်ဦးမြို့နယ်၌ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းသုံးမျိုးဆင်းပွဲအခမ်းအနားကျင်းပ




ညောင်ဦး ဇူလိုင် ၁၅

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန(ပုဂံရုံးခွဲ)မှ ဖွင့်လှစ်သည့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းသုံးမျိုးဆင်းပွဲ အခမ်းအနားကို ဇူလိုင်လ ၁၅ရက်တွင် Aureum Place Hotel & Resort ကျန်စစ်သားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မင်းညိုက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းသုံးမျိုးတွင် ဆုရရှိခဲ့သည့် သင်တန်းသား၊ သင်တန်းသူများကို ညောင်ဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့်အဖွဲ့ဝင်များ၊ ညောင်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်တို့က ဆုများအသီးသီးချီးမြှင့်ပေးအပ်သည်။

ထို့နောက် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန (ပုဂံရုံးခွဲ) ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းအောင်က သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပေးအပ်သည်။

အဆိုပါသင်တန်းကို ဇွန်လ ၂၃ ရက်မှ ဇူလိုင်လ ၁၅ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

ဒီပါလင်း

# ဝါးခယ်မမြို့နယ် ပိန္နဲကုန်းကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ဝါးခယ်မ ဇူလိုင် ၁၅

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ပိန္နဲကုန်းကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ဇူလိုင်လ ၁၅ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးနေဇော်ထက်နှင့် တာဝန်ရှိသူများသည် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ပိန္နဲကုန်းကျေးရွာတွင်းလမ်း အရှည်ပေ ၇၄၀၊ အကျယ် ၅ ပေ၊ ထု ၆ လက်မ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များအား ကွန်ကရစ်လမ်းကို သတ်မှတ်စံနှုန်းများအတိုင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းခွင့်ပြုငွေ ငွေကျပ်သိန်း ၁၅၀ နှင့် ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ်သိန်း ၅၀ တို့ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇူလိုင်လ ၁၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၃၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အိပိုးပိုး

# ဟိုင်းကြီးကျွန်းမြို့ အခြေခံပညာမူလတန်းကျောင်း(ဇီးဖြူချောင်း)၌ အမှိုက်လေးမျိုးခွဲခြားစွန့်ပစ်ပုံ သရုပ်ပြလေ့ကျင့်

ဟိုင်းကြီးကျွန်း ဇူလိုင် ၁၅

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့ အခြေခံပညာမူလတန်းကျောင်း(ဇီးဖြူချောင်း)၌ အမှိုက်လေးမျိုးခွဲခြားစွန့်ပစ်ပုံ သရုပ်ပြလေ့ကျင့်ခြင်းကို ဇူလိုင်လ ၁၅ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ ဟိုင်းကြီးကျွန်းမြို့ စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးမြင့်ဆန်းက ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရန်နှင့် လူမှုပတ်ဝန်းကျင်၏ ညစ်ညမ်းမှုအခြေအနေများလျော့ကျစေရန်ရည်ရွယ်ပြီး အမှိုက်စို၊ အမှိုက်ခြောက်၊ ပလတ်စတစ်အမှိုက်နှင့် ဘေးအန္တရာယ်ရှိအမှိုက်များဟူ၍ လေးမျိုးခွဲခြားထားကြောင်း ရှင်းလင်းပြောကြားကာ အမှိုက်ခွဲခြားစွန့်ပစ်ပုံကို သရုပ်ပြလေ့ကျင့်ခဲ့ကြသည်။

အဆိုပါအမှိုက်လေးမျိုးခွဲခြားစွန့်ပစ်ပုံ သရုပ်ပြလေ့ကျင့်ရာသို့ ဟိုင်းကြီးကျွန်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသန့်ဇော်လင်းနှင့် မြို့အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်ရပ်ကွက်နေပြည်သူများ လာရောက်ကြည့်ရှုကြကြောင်း သိရသည်။



လှိုင်မျိုးအောင်(ဟိုင်းကြီးကျွန်း)

# သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ငွေပေးအပ်



နေပြည်တော်  ဇူလိုင်  ၁၅

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ရုံးအမှတ်(၃၁) သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မိမိတို့၏ သားသမီးများသည် နိုင်ငံ၏အနာဂတ်ဖြစ်သကဲ့သို့ပညာရေးသည်လည်း နိုင်ငံတော်၏အနာဂတ်ဖြစ်သောကြောင့် ပညာတတ်လူငယ်များဖြစ်လာစေရေး ကျောင်းနေအရွယ်ကလေးတိုင်းပညာသင်ကြားနိုင်ရေး၊ အချိန်မတိုင်မီ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းထွက်ရခြင်းများ မရှိစေရေးနှင့် တန်းစဉ်ကူးပြောင်းမှုတွင် အရေးအတွက်သာမကဘဲ အရည်အချင်းပါတိုးတက်လာစေရေးနှင့် မိဘများထက်သားသမီးများက ပိုမိုတော်သည့် လူတော်များဖြစ်လာစေရေး မိဘများအနေဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ငွေများကို ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်တို့က ပေးအပ်ချီးမြှင့်ရာ ဝန်ကြီးရုံးနှင့်ဦးစီးဌာနများမှ တာဝန်ရှိသူများက လက်ခံရယူကြသည်။

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် ကျောင်းသား၊ ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ငွေများကို နှစ်စဉ်ထောက်ပံ့ပေးလျက်ရှိရာ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ကျောင်းသား၊ ကျောင်းသူ ၁၈၄၉ ဦးအတွက် ပညာသင်ထောက်ပံ့ငွေများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်းသိရသည်။

မြဝတီ

# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော်  ဇူလိုင်  ၁၅

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ၂၀၂၅ ခုနှစ် ဒုတိယအကြိမ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် အောက်ဆင်သေကြိုးဝိုင်း အကွက်အမှတ်(၃၀)ရှိ ဂေဟစနစ်ဖြည့်တင်းရေးစိုက်ခင်း ဧက ၁၀၀ အတွင်း ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ကျောက်မျက်အသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ပြည်ထောင်စုဝန်ကြီးက အထိမ်းအမှတ်ပျဉ်းကတိုးပင်အား သတ်မှတ်နေရာတွင်ဦးဆောင်စိုက်ပျိုးကာ ဒုတိယဝန်ကြီးနှင့် တက်ရောက်လာသူများက အထိမ်းအမှတ်သစ်ပင်များကို သတ်မှတ်နေရာများတွင် ဆက်လက်စိုက်ပျိုးပေးကြသည်။

ယနေ့ သစ်ပင်စိုက်ပျိုးပွဲတွင် ပျဉ်းကတိုး၊ ပိတောက်၊ တမလန်း၊ မဟော်ဂနီ၊ ယမနေ သစ်မျိုးများအပါအဝင် စုစုပေါင်းသစ်မျိုး ၂၁ မျိုးဖြင့် ပျိုးပင် ၃၅၀ ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် စိုက်ပျိုးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အောက်ဆင်သေကြိုးဝိုင်းအတွင်း တည်ထောင်ထားရှိသော ၂၀၂၄ ကျေးရွာထင်းစိုက်ခင်းဧက ၁၀၀၊ ၂၀၂၅ ကျေးရွာထင်းစိုက်ခင်းဧက ၁၀၀ နှင့် ၂၀၂၄ ဂေဟစနစ်ဖြည့်တင်းရေးစိုက်ခင်းဧက ၁၀၀ တို့၏ ရှင်သန်အောင်မြင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်းသိရသည်။

မြဝတီ



# ပြည်ထောင်စုရာထူးဝန်အဖွဲ့ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ



နေပြည်တော်  ဇူလိုင်  ၁၅

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ (၁၈) ကြိမ်မြောက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးသားပေါက်များ မျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ယာယီဝန်ထမ်းအိမ်ရာ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သော်၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးဆန်းမြင့်၊ ဒေါ်ခင်မျိုးမြင့်၊ ဦးစိုးတင့်၊ ဦးရဲနိုင်၊ သူရဦးဘိုနီ၊ ဦးကျော်မျိုးထွဋ်၊ တာဝန်ရှိသူများနှင့် ဝန်ထမ်းများတက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌက သတ်မှတ်နေရာ၌ ရတနာတန်းဝင်ကျွန်းပင်ကို စတင်စိုက်ပျိုးပေးကာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက သတ်မှတ်နေရာများတွင် ရတနာတန်းဝင်ကျွန်းပင်များကို စိုက်ပျိုးကြပြီး ယာယီဝန်ထမ်းအိမ်ရာ လမ်းဘေးဝဲ/ယာ၊ စိုက်ကွက်အလိုက် ဝန်ထမ်းများသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ရှိ ဆည်အမှတ်(၂၆)တွင် မိုးရာသီကာလ ငါးသားပေါက်များကို မျိုးစိုက်ထည့်ကြသည်။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ မဟော်ဂနီ၊ ပိတောက်၊ ဆီသပြေ စသော နှစ်ရှည်ပင်နှင့် အရိပ်ရလေကာပင်ပေါင်း ၃၀၀ ကို သတ်မှတ်နေရာများအလိုက် စိုက်ပျိုးခဲ့ပြီး ငါးမြစ်ချင်း ငါးသားပေါက် ၅၀၀၀ ကို ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

မြဝတီ

# ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲတွင် မြိတ်တပ်နယ်အသင်း ဒိုင်းဆုရရှိ

နေပြည်တော်  ဇူလိုင်  ၁၅

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၈ သင်းဖြင့် ဇွန်လ ၂၇ ရက်မှစတင်ကျင်းပပြုလုပ်လျက်ရှိရာ ယနေ့ယှဉ်ပြိုင်ကစားသည့် ဗိုလ်လုပွဲ ပွဲစဉ်တွင် မြိတ်တပ်နယ်အသင်းက အနိုင်ရရှိပြီး ဒိုင်းဆုရရှိခဲ့ကြောင်းသိရသည်။

အဆိုပါတိုင်းမှူးဒိုင်း ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ်အားကစားကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြပြီး ဗိုလ်လုပွဲ ပွဲစဉ်ဖြစ်သည့် မြိတ်တပ်နယ်အသင်းနှင့် မြိတ်လေတပ်စခန်းဌာနချုပ်အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ဒိုင်အဖွဲ့ဝင်များ၊ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသော မြိတ်တပ်နယ်အသင်းတို့အား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ဒိုင်းဆုရရှိသော မြိတ်တပ်နယ်အသင်းအား ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# စစ်ကိုင်းမြို့တွင် လျှောင်ဒဏ်သင့်ဝန်ထမ်းများနှင့် မိသားစုဝင်များအား စားရေရိက္ခာ(၅)မျိုးအတွက် ထောက်ပံ့ငွေများပေးအပ်



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းမြို့ရှိ လျှောင်ဒဏ်သင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများနှင့် မိသားစုဝင်များအတွက် ထောက်ပံ့ငွေများပေးအပ်စဉ်။

နေပြည်တော် ဇူလိုင် ၁၅

စစ်ကိုင်းမြို့အတွင်းရှိ လျှောင်ဒဏ်သင့် ဝန်ထမ်းများနှင့် မိသားစုဝင်များအား စားရေရိက္ခာ(၅)မျိုးအတွက် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီက ထောက်ပံ့သည့် ထောက်ပံ့ငွေများပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းမြို့၊ နှစ်(၇၀၀)အားကစားကွင်း၊ အားကစားခန်းမ၌ပြုလုပ်ရာ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ အဖွဲ့မှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်း များနှင့် မိသားစုဝင်များ တက်ရောက်ကြ သည်။

ဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံက အဖွင့်အမှာစကားပြောကြားပြီး လျှောင်ဒဏ် ခံစားခဲ့ရသည့် စစ်ကိုင်းမြို့ရှိ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းနှင့် မိသားစုဝင် များအတွက် ထောက်ပံ့ငွေများကို တာဝန် ရှိသူများထံပေးအပ်သည်။ ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ နှင့် တာဝန်ရှိသူများက လျှောင်ဒဏ်ခံစားခဲ့ ရသည့် ဝန်ကြီးဌာနအသီးသီးနှင့် ဦးစီးဌာန များမှ ဝန်ထမ်းများနှင့် မိသားစုဝင်များ အတွက် ထောက်ပံ့ငွေများ ထောက်ပံ့ ပေးအပ်ကြသည်။

ယနေ့ကျင်းပပြုလုပ်သော လျှောင် ဘေးသင့်ဝန်ထမ်းများနှင့် မိသားစုဝင် များအား စားရေရိက္ခာ(၅)မျိုး ထောက်ပံ့ ပေးအပ်ပွဲတွင် စစ်ကိုင်းမြို့ရှိ ဝန်ထမ်းနှင့် မိသားစုဝင် ၆၀၀၇ ဦးအတွက် ထောက်ပံ့ ငွေ ၄၇၀၃၄၈၁၀၀ ကျပ်ကို ထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက ဆရာတော်ထံ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းက ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။

# နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ (၁၈)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁၅

နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ (၁၈) ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်၊ အောင်ငြိမ်းအေးခန်းမ၌ ပြုလုပ်ရာ ပျဉ်းမနားမြို့၊ မင်္ဂလာဇေယျုံ ပါဠိတက္ကသိုလ်ကျောင်းတိုက်ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ ဂန္ထဝါစက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သရေစည်သူ ဘဒ္ဒန္တဝိမလဗုဒ္ဓိ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြ သည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြ သူများက မင်္ဂလာဇေယျုံပါဠိတက္ကသိုလ် ကျောင်းတိုက် ပဓာနနာယက ဆရာတော် ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူ သည့် ပရိတ်တရားတော်များကို နာယူ ကြည်ညိုကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူ များက မင်္ဂလာဇေယျုံပါဠိတက္ကသိုလ် ကျောင်းတိုက် ပဓာနနာယကဆရာတော် အမှူးပြုသော သံဃာတော်များထံ ဝါဆို သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ ၎င်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# မိုင်းဆတ်-တာချီလိတ်လမ်းပေါ်ရှိ ဆိုက်ခေါင်တံတားသစ်စီမံကိန်းနေရာနှင့် လက်ရှိအသုံးပြုနေသည့် တံတားဟောင်း၏ကြံ့ခိုင်မှုတို့အားစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ် မြို့နယ် မိုင်းဆတ်-တာချီလိတ်လမ်းပေါ်ရှိ ဆိုက်ခေါင်တံတားသစ်စီမံကိန်းနေရာနှင့် လက်ရှိအသုံးပြုလျက်ရှိသော ဘေလီ တံတား၏ ကြံ့ခိုင်မှုအခြေအနေများအား ဇူလိုင်လ ၁၄ ရက်ညနေပိုင်းတွင် တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင် နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ဦးစွာ တိုင်းမှူးနှင့်အဖွဲ့ဝင်များအား တံတားဦးစီးဌာနမှတာဝန်ရှိသူတစ်ဦးက တံတားသစ်စီမံကိန်းအား တစ်ဆင့်ချင်း အလိုက် အကောင်အထည်ဖော်ဆောင်ရွက် နေမှုအခြေအနေ၊ Bored Pile (၁၀)ခု စိုက်ထူသွားမည့်နေရာနှင့် ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များမှာကြားသည်။ ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် လက်ရှိအသုံးပြုလျက်ရှိသော ဘေလီ တံတား၏ ကြံ့ခိုင်မှုအခြေအနေများကို တာဝန်ရှိသူများနှင့်အတူ လိုက်လံစစ်ဆေး ကြည့်ရှုကာ လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းပေးသည်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင် မိုင်းဆတ်-တာချီလိတ်လမ်းပေါ်ရှိ ဆိုက်ခေါင်တံတားသစ်စီမံကိန်းနေရာနှင့် လက်ရှိအသုံးပြုလျက်ရှိသော ဘေလီတံတား၏ကြံ့ခိုင်မှုတို့အား ကြည့်ရှုစစ်ဆေးစဉ်။

အဆိုပါ တံတားသစ်စီမံကိန်းမှာ ၂၀၂၅-၂၀၂၆ ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသော မိုင်းဆတ်-တာချီလိတ်လမ်းပေါ်မှ နမ့်ခုတ်ချောင်းကူး တံတားစီမံကိန်းဖြစ်ကာ အရှည်ပေ(၄၂၀) ရှိ RC Concrete အမျိုးအစားတံတားဖြစ်ပြီး ၂၀၂၅ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ စတင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ သောစီမံကိန်းတစ်ခုဖြစ်ကြောင်း သတင်း ရရှိသည်။

(၁၀၀)

# ဂျူဒိုအားကစားနည်းမှ အားကစားသမားများ တတိယအကြိမ်မြောက် အပြီးသတ်လူရွေးချယ်ခြင်းနှင့် လက်ရည်ဆန်းစစ်ပြိုင်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁၅

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် အတွက် ဂျူဒိုအားကစားနည်းမှအားကစား သမားများ တတိယအကြိမ်မြောက် အပြီးသတ်လူရွေးချယ်ခြင်းနှင့် လက်ရည် ဆန်းစစ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် အားကစားလေ့ကျင့်ရေး စခန်း(Gold Camp)ရှိ ဂျူဒိုလေ့ကျင့်ရေး ခန်းမ၌ကျင်းပရာ အားကစားနှင့်လူငယ် ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့် တာဝန်ရှိသူ များ တက်ရောက်ကြည့်ရှုအားပေးကြ သည်။

ယနေ့တွင် အမျိုးသား Nage- no- Kata(နာဂေနိုခတ) ပြိုင်ပွဲများ၊ အမျိုးသမီး Ju- no- Kata (ဂျူးနိုခတ) ပြိုင်ပွဲများ၊ အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်း ဝိတ်တန်းအလိုက် အတိုက်ပြိုင်ပွဲ အုပ်စု ပတ်လည်ပွဲစဉ်များနှင့် ဗိုလ်လုပွဲစဉ် များကိုယှဉ်ပြိုင်ကြပြီး ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပ၍ ပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသူများကို ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့် ကြသည်။

မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်အနေဖြင့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင် နိုင်ရန်နှင့် အောင်မြင်မှုများရရှိစေရန် အတွက် အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာန၏လမ်းညွှန်မှာကြားချက်များ နှင့်အညီ ဂျူဒိုအားကစားသမားများအား လူရွေးချယ်ခြင်းနှင့် လက်ရည်ဆန်းစစ် ခြင်းပြိုင်ပွဲများကို ပထမအကြိမ်အဖြစ် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက် တွင်လည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် ဇွန်လ ၂၁ ရက်တွင်လည်းကောင်း ကျင်းပ ခဲ့ကြောင်း သိရသည်။

မြဝတီ

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄°C | / | ၃၂°C |
| ရန်ကုန် | ၂၅°C | / | ၃၃°C |
| မန္တလေး | ၂၆°C | / | ၃၅°C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# တာဝန်ကိုယ်စီရှိပါသည်

မောင်လေပြေ(တောင်တွင်း)

လူတို့အသုံးမပြုတော့၍ စွန့်ပစ်လိုက်သောအရာများကို အမှိုက်ဟုဆိုနိုင်သည်။ လူတိုင်းလူတိုင်းသည် နေ့စဉ်နှင့်အမျှ အမှိုက်စွန့်ပစ်နေကြသည်။ လူနည်းစုကသာ အမှိုက်များကို စနစ်တကျစွန့်ပစ်လေ့ရှိကြပြီး လူအများကမူ အမှိုက်များကိုစည်းကမ်းမဲ့စွာ အမှတ်တမဲ့ စွန့်ပစ်နေကြသည်ကို တွေ့မြင်နေရသည်။ နေ့စဉ် လူတစ်ဦးလျှင် အမှိုက်တစ်မျိုးစွန့်ပစ်လျှင်ပင် သန်းပေါင်းများစွာသောလူတို့သည် အမှိုက်သန်းပေါင်းများစွာတို့ကို နေ့စဉ်နှင့်အမျှ ပစ်နေကြခြင်းဖြစ်ရာ ထိုသို့စည်းကမ်းမဲ့စွာ အမှိုက်စွန့်ပစ်နေမည်ဆိုပါက နောင်တစ်ချိန်တွင် အမှိုက်များကို နိုင်အောင်သိမ်းနိုင်တော့မည်မဟုတ်ဟု စာရေးသူတွေးမိသည်။ လူတိုင်းလူတိုင်း အမှိုက်ကိုစနစ်တကျစွန့်ပစ်ရမည်၊ အမှိုက်ပုံးတွင် အမှိုက်ပစ်ရမည်ဟူသော အသိရှိရမည်ဖြစ်သည်။ ထိုကဲ့သို့သောအသိမရှိပါက ပတ်ဝန်းကျင်တွင် အမှိုက်ပြဿနာက တစ်နေ့ထက်တစ်နေ့ ပိုမိုကြီးထွားလာစရာဖြစ်လာနိုင်သည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ထုတ်ပြန်ထားသောစစ်တမ်းများတွင် ရန်ကုန်မြို့၏ အမှိုက်သိမ်းဆည်းမှုစနစ်အရ တစ်နေ့လျှင် အမှိုက်တန်ချိန် ၂၃၀၀-၂၅၀၀ တန်ထွက်ရှိပြီး လူတစ်ဦးတစ်နေ့လျှင် 0.5 kg နှုန်းဖြင့် စွန့်ပစ်မှုရှိကြောင်း လေ့လာသိရှိရသည်။ စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် မြို့ပြများတွင် အမှိုက်စီမံခန့်ခွဲခြင်း၊ အမှိုက်သိမ်းခြင်းနှင့် အမှိုက်စွန့်ပစ်မှုနှင့်ပတ်သက်သော စည်းကမ်းသတ်မှတ်ချက်များ ထုတ်ပြန်ကြီးကြပ်ကာ အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ အမှိုက်ခွန်ကောက်ခံခြင်းများကို ဥပဒေနှင့်အညီ ကြီးကြပ်ဆောင်ရွက်ကြသော်လည်း အချို့သောပြည်သူများအနေဖြင့် လိုက်နာဆောင်ရွက်မှုအားနည်းနေဆဲဖြစ်သည်ကို တွေ့ရသည်။ ထိုကဲ့သို့ စည်းကမ်းလိုက်နာမှုအားနည်းမှုများကြောင့် အမှိုက်စွန့်ပစ်မှုများအတွက် နိုင်ငံတော်၏ဘဏ္ဍာငွေများ ပိုမိုကုန်ကျခံကာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များက နေ့စဉ်ဆောင်ရွက်ကြရခြင်းပင်ဖြစ်သည်။ မလွှဲသာ၍ အရေးယူကြရသည့်အခါတွင်လည်း ဝန်ထမ်းများအပေါ် သဘောထားကွဲလွဲမှုများဖြစ်ကြလေ့ရှိသည်။

မြို့တော်စည်ပင်သာယာရေးမှာ မြို့တော်နေလူထုအပြင် မြို့တော်သို့အကြောင်းအမျိုးမျိုးဖြင့်ရောက်ရှိနေထိုင်နေသူများအားလုံးနှင့် သက်ဆိုင်သည်။ အချို့သောသူများသည် အမှိုက်နှင့်အညစ်အကြေးကိစ္စဆိုပါလျှင် စည်ပင်ဌာနတွင်သာ တာဝန်ရှိသည်ဟူ၍ ထင်မြင်နေကြသည်။ အမှန်မှာ လူတိုင်းတွင် တာဝန်ရှိသည်။

အလျဉ်းသင့်၍ အမှိုက်စွန့်ပစ်ခြင်းနှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းတာဝန်များကို ကောက်နုတ်တင်ပြပါမည်။

* ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အခွန်အခများစည်းကြပ်ကောက်ခံသည့် မြို့နယ်များရှိ လမ်းမကြီးများနှင့်လမ်းသွယ်များမှ ညစ်ညမ်းစေခြင်းများနှင့် အသံဆူညံခြင်းတို့အား စောင့်ကြည့်လေ့လာခြင်း၊ ကြပ်မတ်ထိန်းသိမ်းခြင်းနှင့် တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုအပ်ချက်များဖြည့်စွက်ဆောင်ရွက်ရန် ညွှန်ကြားခြင်း၊ စစ်ဆေးအရေးယူခြင်း။

* ဌာနအတွက်လိုအပ်သော လုပ်ငန်းသုံးပစ္စည်းကိရိယာများ၊ အမှိုက်သိမ်းယာဉ်များ၊ နိုင်ငံတကာအဆင့်မီအမှိုက်ပုံးများဝယ်ယူရန် တင်ပြခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းနှင့် စနစ်တကျထုတ်ပေးမှတ်တမ်းတင်ခြင်း။

**➲ အမှိုက်ဆိုသည်မှာ မိမိတို့မလိုအပ်တော့၍ သို့မဟုတ် အသုံးမလိုတော့၍ စွန့်ပစ်လိုက်သည့်ပစ္စည်းများပင်ဖြစ်သည်။ ထိုသို့သော အမှိုက်များကို စနစ်တကျစွန့်ပစ်ကြရမည်ဖြစ်သည်။ စည်းကမ်းတကျ အမှိုက်ပစ်နိုင်မည်ဆိုလျှင် မိမိရော မိမိပတ်ဝန်းကျင်ရှိလူများ အတွက်ပါ သန့်ရှင်းကောင်းမွန်ပြီး နေထိုင်စရာကောင်းမွန်သော ဝန်းကျင်တစ်ခုကို ဖန်တီးနိုင်မည်ဖြစ်သည်။**

အမှိုက်သရိုက်များကို စနစ်တကျလှည်းသိမ်းသယ်ယူစွန့်ပစ်ခြင်း။

* အခွန်အခကောက်ခံသောမြို့နယ်၊ ရပ်ကွက်များတွင် အမှိုက်စွန့်ပစ်နိုင်ရန်အတွက် သင့်လျော်သော အမှိုက်သိမ်းစနစ်များကို စီမံဆောင်ရွက်ခြင်း။

* စီမံဆောင်ရွက်သည့် အမှိုက်သိမ်းစနစ်များကို အစဉ်ဆောင်ရွက်နိုင်ရေးအတွက် အမှိုက်ပုံရန်နေရာသတ်မှတ်ခြင်း၊ အမှိုက်ကန်များတည်ဆောက်ခြင်း၊ အမှိုက်ပုံးများချထားပေးမှု စီမံဆောင်ရွက်ခြင်း။

* အခွန်အခကောက်ခံခြင်းမပြုသော အစိုးရဌာနအဆောက်အအုံများ၊ ပရိဝုဏ်များ၊ ဝင်းခြံများအတွင်း အမှိုက်သရိုက်ရှင်းလင်းရေး၊ ထွက်ရှိအမှိုက်များကို ဌာနကသတ်မှတ်သော အပြီးသတ်အမှိုက်စွန့်ပစ်နေရာသို့ သယ်ယူစွန့်ပစ်ရေးများ ညွှန်ကြားဆောင်ရွက်ခြင်း။

* သိမ်းဆည်းပြီးသောအမှိုက်များကို အပြီးသတ်စွန့်ပစ်ရန်အတွက် အစီအမံများပြုလုပ်ခြင်း။

* ပတ်ဝန်းကျင်ညစ်ညမ်းမှုကာကွယ်ရန် ရေထု၊ လေထု၊ မြေထုအပေါ် ဆိုးကျိုးသက်ရောက်မှုများ၊ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုများကို ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ အရေးယူဆောင်ရွက်ခြင်း။

* ပြည်သူများအနေဖြင့် အမှိုက်များစနစ်တကျစွန့်ပစ်နိုင်ရေးနှင့် စည်းကမ်းလိုက်နာရေးအတွက် စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာ စည်းရုံး၊ ဟောပြော၊ ပညာပေးအစီအစဉ်များပြုလုပ်ဆောင်ရွက်ခြင်းတို့ပင်ဖြစ်သည်။

ဤလုပ်ငန်းတာဝန်များကို အဓိကတာဝန်ယူဆောင်ရွက်သောဌာနမှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနပင်ဖြစ်သည်။

နိုင်ငံကြီးသား (Responsible Citizen)ဆိုသော ဝေါဟာရကို စာရေးသူ ပုဂ္ဂလအမြင်နှင့် တွေးနေမိသည်။ Responsible ဆိုသည်မှာ တာဝန်ရှိသော၊ တာဝန်ခံရသော ဟူသည့်အဓိပ္ပာယ်ဆောင်ပြီး Citizen ဆိုသည်မှာ မြို့တော်သား၊ လွတ်လပ်သောနိုင်ငံသားဟူ၍ အဓိပ္ပာယ်ဆောင်ရာ နိုင်ငံတော်၏တာဝန်ကိုသိရှိကာ တာဝန်ထမ်းဆောင်နေသူများသည် နိုင်ငံကြီးသားပီသသူများဖြစ်သည်ဟု စာရေးသူဆင့်ပွားတွေးနေမိသည်။ နိုင်ငံတော်၏တာဝန်ကိုထမ်းဆောင်နေသူများဆိုသည်မှာ နိုင်ငံ့ဝန်ထမ်းများကိုသာ ဆိုလိုခြင်းမဟုတ်ဘဲ တာဝန်ထမ်းဆောင်နေသူများကို တာဝန်သိစွာ ကူညီနေကြသူများကို ဆိုလိုခြင်းဖြစ်သည်။ ဥပမာ အမှိုက်ကောက်၊ အမှိုက်သိမ်းနေကြသော သန့်ရှင်းရေးဝန်ထမ်းများကို စည်းကမ်းမဲ့အမှိုက်မပစ်ခြင်းဖြင့် ကူညီနေခြင်း၊ အမှိုက်သိမ်းသူများ အလွယ်တကူသိမ်းဆည်းနိုင်စေရန် အမှိုက်အမျိုးအစားများ ခွဲခြားကာ အမှိုက်ပုံးတွင် စနစ်တကျစွန့်ပစ်ခြင်း စသည်တို့ပင်ဖြစ်သည်။

ရန်ကုန်မြို့တော်တွင် နေ့စဉ်နှင့်အမျှထွက်ရှိနေသော အမှိုက်များကို ရှင်းလင်းရန်အတွက် သန့်ရှင်းရေးလုပ်သားများ၊ အမှိုက်ကားများကို ရန်ပုံငွေအမြောက်အမြားကုန်ကျခံကာ သုံးစွဲနေရသည်။ အမှိုက်စွန့်ပစ်ခြင်း၊ သိမ်းဆည်းခြင်း၊ ပြုပြင်စီမံဆောင်ရွက်ခြင်း ကုန်ကျစရိတ်များသက်သာကာ မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးတွင် ဘဏ္ဍာငွေများ ပိုမိုအသုံးပြုလာနိုင်ပါက ရန်ကုန်မြို့တော်ကြီးမှာ ပိုမိုခေတ်မီဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အမှိုက်ဆိုသည်မှာမိမိတို့မလိုအပ်တော့၍သို့မဟုတ်အသုံးမလိုတော့၍ စွန့်ပစ်လိုက်သည့်ပစ္စည်းများပင်ဖြစ်သည်။ ထိုသို့သော အမှိုက်များကို စနစ်တကျ စွန့်ပစ်ကြရမည်ဖြစ်သည်။ စည်းကမ်းတကျအမှိုက်ပစ်နိုင်မည်ဆိုလျှင် မိမိရော မိမိပတ်ဝန်းကျင်ရှိလူများအတွက်ပါ သန့်ရှင်းကောင်းမွန်ပြီး နေထိုင်စရာကောင်းမွန်သောဝန်းကျင်တစ်ခုကို ဖန်တီးနိုင်မည်ဖြစ်သည်။

စာရေးသူမှာ စည်ပင်ဝန်ထမ်းတစ်ယောက်မဟုတ်ပါ။ သို့သော် Responsible Citizen ဟုခေါ်သော တာဝန်သိနိုင်ငံသားတစ်ယောက်ဖြစ်အောင် လေ့လာအားထုတ်ကာ ကြိုးစားနေသူဖြစ်သည်။ ထို့ကြောင့်လည်း မိမိလေ့လာမိသမျှကို အများပြည်သူသိရှိနိုင်စေရန်အတွက် ပြန်လည်မျှဝေကာ စာပေရေးသားနေခြင်းဖြစ်သည်။ မိမိတို့ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် အစိုးရအဖွဲ့အစည်းတစ်ခုတည်းတွင်သာ တာဝန်ရှိနေသည်မဟုတ်ဘဲ လူတိုင်းလူတိုင်းတွင် တာဝန်ကိုယ်စီရှိပါသည်ဟူ၍သာ အပြုသဘောဖြင့် ရေးသားတင်ပြလိုက်ရပါသည်။ ။

## (၇၈)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အကြို မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ဆုပေးအပ်ပွဲကျင်းပ



မိတ္ထီလာ ဇူလိုင် ၁၅

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ (၇၈)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အကြို မူလတန်းအဆင့်ကဗျာရွတ်ဆိုပြိုင်ပွဲနှင့်ဆုပေးအပ်ပွဲအခမ်းအနားကို ဇူလိုင်လ ၁၄ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စာရေးဆရာအသင်းမှ စာရေးဆရာ ရွှေညာမြေမြတ်သင်းကြိုင်က ပြိုင်ပွဲကျင်းပရခြင်းရည်ရွယ်ချက်နှင့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြိုင်ပွဲကိုကျင်းပရာ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူ ၇၈ ဦးတို့က ပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ပြိုင်ပွဲတွင်ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအား ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်၊ ဦးစီးအရာရှိ ဒေါ်မာလာဆွေဝင်း၊ မြို့နယ်စာရေးဆရာအသင်းမှ စာရေးဆရာ ရွှေညာမြေမြတ်သင်းကြိုင်၊ စာရေးဆရာမြင့်မားအောင်နှင့်စာရေးဆရာကိုသစ္စာ(ထီလာ)တို့က ဂုဏ်ပြုဆုများ အသီးသီးပေးအပ်သည်။

အဆိုပါပြိုင်ပွဲကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး အလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဆက်လက်ကျင်းပလျက်ရှိကြောင်း သိရသည်။

(၆၀၂)

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)မှ ဒုတိယပါမောက္ခချုပ်(စီမံ) ပါမောက္ခ ဒေါက်တာကျော်တင့်ကို သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# လူမှုဝန်ထမ်းဦးစီးဌာနမှဖွင့်လှစ်ထားသော အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ဒုတိယအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်း ဖွင့်လှစ်



**နေပြည်တော် ဇူလိုင် ၁၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရွာငံနှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိပြီး စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်းများကို အပတ်စဉ် တစ်ခုလျှင် ရက်သတ္တ ၆ ပတ်ဖြင့် သင်ကြားပေးလျက်ရှိသည်။

ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် ရှစ်ခုကို နိုင်ငံပိုင်သတင်းစာများတွင် ကြော်ငြာ၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းတို့တွင် စနေ၊ တနင်္ဂနွေနေ့ အထူးသင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း ၁၀ ကျောင်းတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဒုတိယအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းကို ဇွန်လ ၉ ရက်မှ ဇူလိုင်လ ၁၈ ရက်ထိ ဖွင့်လှစ်လျက်ရှိပြီး အဆိုပါ သင်တန်းကျောင်းများတွင် သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၂၆၀ တက်ရောက်လျက်ရှိကာ မိသားစုဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်နိုင်ရေး ရည်ရွယ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**မြဝတီ**

# နေပြည်တော်အတွင်း စိုက်ပျိုးရေးနှင့် ငလျင်ဘေး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး



**နေပြည်တော် ဇူလိုင် ၁၅**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ် သစ်စိမ့်ပင်-ပေါင်ခေါလမ်းပေါ်ရှိ ကွင်းအမှတ် (၁၇၂၁)နှင့် တာတိုင်ကုန်းရွာကွင်းအမှတ်(၁၇၁၁)တို့၌ မိုးရွာသွန်းမှုများသဖြင့် စိုက်ခင်းများအတွင်း ရေဝင်ရောက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ရေအမြန်ဆုံးကျဆင်းအောင် ဆောင်ရွက်ရန် ဆွေးနွေးမှာကြားကာ ရေဝင်ရောက်ပျက်စီးခဲ့သည့် စိုက်ခင်းပိုင်ရှင်တောင်သူများအတွက် မိုးစပါးပြန်လည်စိုက်ပျိုးနိုင်ရန် မျိုးစပါးနှင့်သွင်းအားစုများ ပေးအပ်သည်။

ထို့နောက် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ ကျင်းပသော နေပြည်တော်အတွင်း အခွန်ရငွေတိုးတက်ရရှိရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက်ဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အစည်းအဝေးအပြီးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် အဖွဲ့ဝင်များနှင့်အတူ ငလျင်ဘေးကြောင့်ထိခိုက်ပျက်စီးခဲ့သော ရာဇသင်္ဂဟလမ်းမကြီး လမ်းပိုင်းများ ပြန်လည်ပြုပြင်နေမှုကို လည်းကောင်း၊ ဇမ္ဗူသီရိအထူးကုဆေးရုံကြီးဝင်းအတွင်း Modular House များ ဆောက်လုပ်ထားရှိမှုကိုလည်းကောင်း၊ ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သော ဆေးရုံအဆောက်အအုံများ ပြန်လည်ပြုပြင်ထားရှိမှုနှင့် ကျန်းမာရေးသုံးစက်ကိရိယာများ ပြင်ဆင်အသုံးပြုဆောင်ရွက်နေမှုတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုက်နာဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**အောင်သူရဦး(ပြန်/ဆက်)**

# တတိယအကြိမ်မြောက် အာဆီယံပထဝီစီးပွားရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ




**နေပြည်တော် ဇူလိုင် ၁၅**

တတိယအကြိမ်မြောက်အာဆီယံပထဝီစီးပွားရေးလုပ်ငန်းအဖွဲ့အစည်းအဝေး (3rd Meeting of ASEAN Geoeconomics Task Force) ကို ယနေ့တွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်ကျင်းပရာ မြန်မာနိုင်ငံ၏အာဆီယံပထဝီစီးပွားရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တက်ရောက်သည်။

အစည်းအဝေးတွင် အာဆီယံနိုင်ငံများအပေါ် အမေရိကန်၏အကောက်ခွန်နှုန်းထားအသစ်များဖြင့် ကောက်ခံမှုဆိုင်ရာကိစ္စရပ်များ၊ လက်ရှိဖြစ်ပေါ်နေသည့် ပထဝီစီးပွားရေးစိန်ခေါ်မှုများအပေါ် အာဆီယံအနေဖြင့် မူဝါဒဆိုင်ရာ ရင်ဆိုင်တုံ့ပြန်မည့် အာဆီယံပေါင်းစည်းမှုအစီရင်ခံစာရေးဆွဲရေး၊ အာဆီယံ-အမေရိကန် အနာဂတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု နက်ရှိုင်းခိုင်မာစေရေးနှင့်လုပ်ငန်းအဖွဲ့၏ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်းပြီး ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက လက်ရှိဖြစ်ပေါ်နေသည့် ကမ္ဘာ့ပထဝီစီးပွားရေးအခြေအနေကို အာဆီယံ၏ခိုင်မာ၍ အားလုံးပါဝင်သည့် စီးပွားရေးပေါင်းစည်းမှုဖြင့် တုံ့ပြန်ဆောင်ရွက်နိုင်ကြောင်း၊ ဒေသဆိုင်ရာချဉ်းကပ်မှုနည်းလမ်းသည် ပိုမိုညီညွတ်ထိရောက်မှုရှိစေရေးအတွက်စီးပွားရေးမဏ္ဍိုင်နှင့်နိုင်ငံရေးမဏ္ဍိုင်တို့အကြား ပူးပေါင်းဆောင်ရွက်မှုခိုင်မာအားကောင်းရန်လိုအပ်ကြောင်း၊ အာဆီယံပေါင်းစည်းမှုအစီရင်ခံစာ (ASEAN Integration Report-AIR) ရေးဆွဲအကောင်အထည်ဖော်ရာတွင် ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်၍ အာဆီယံ၏ဗဟိုကျမှု (ASEAN Centrality) ကို ထည့်သွင်းစဉ်းစားရန်၊ ဒေသတွင်းကြံ့ကြံ့ခံနိုင်မှုကိုမြှင့်တင်ရန်နှင့် ထောက်ပံ့ရေးကွင်းဆက်များချိတ်ဆက်မှုပိုမိုအားကောင်းအောင်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အာဆီယံပေါင်းစည်းမှုအစီရင်ခံစာအတွက် လေ့လာဆန်းစစ်မှုပြုလုပ်ရာတွင် အဖွဲ့ဝင်နိုင်ငံများ၏အချက်အလက်များအားလုံးပါဝင်မှုသည်အရေးကြီးကြောင်း၊ အာဆီယံ-အမေရိကန်မဟာဗျူဟာမြောက်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို ပြန်လည်သုံးသပ်၍ နောက်ထပ်နက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်နိုင်မည့်အခွင့်အလမ်းများကို သတ်မှတ်ရန်လိုအပ်ကြောင်း၊ ဒေသတွင်းစီးပွားရေးမျှော်မှန်းချက်များ ချမှတ်ရေးဆွဲရာတွင် မြန်မာနိုင်ငံအနေဖြင့် အခြားအာဆီယံနိုင်ငံနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

အာဆီယံပထဝီစီးပွားရေးလုပ်ငန်းအဖွဲ့ (ASEAN Geoeconomics Task Force) ကို ၂၀၂၅ ခုနှစ် ဧပြီလ ၁၀ ရက်တွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပခဲ့သည့် အာဆီယံစီးပွားရေးဝန်ကြီးများ အထူးအစည်းအဝေး၏သဘောတူညီချက်ဖြင့် လက်ရှိဖြစ်ပေါ်နေသည့် ကမ္ဘာလုံးဆိုင်ရာကုန်သွယ်မှုအပြောင်းအလဲများကြောင့် အာဆီယံဒေသတွင်း၌ ရရှိနိုင်မည့်အကျိုးကျေးဇူးများ၊ ထိခိုက်နိုင်မှုများကို သုံးသပ်နိုင်ရန်နှင့် အာဆီယံစီးပွားရေးဝန်ကြီးများထံသို့ မူဝါဒဆိုင်ရာ ထောက်ခံတင်ပြချက်များ ပြန်လည်တင်ပြရန်အတွက် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး လုပ်ငန်းအဖွဲ့တွင် အာဆီယံနိုင်ငံများမှ ဒုတိယဝန်ကြီးအဆင့် ၁ ဦးစီနှင့်အစိုးရမဟုတ်သည့်အဖွဲ့အစည်းမှ အကြီးတန်း စီးပွားရေးပညာရှင် ၁ ဦးစီတို့ဖြင့် ဖွဲ့စည်းထားကြောင်းသိရသည်။

**မြဝတီ**

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"ဒလန်၊ သတင်းပေး၊ သူလျှိုစတဲ့ စွပ်စွဲချက်မျိုးစုံနဲ့ ပြည်သူနဲ့ နိုင်ငံ့ဝန်ထမ်းများစွာကိုသတ်ဖြတ်နေတဲ့ NUG လက်အောက်ခံ အကြမ်းဖက် PDF အဖွဲ့"** ခေါင်းစဉ်ဖြင့် ၁၆-၇-၂၀၂၅ ရက် **(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"နိုင်ငံတကာသို့ သံတမန်ခြေလှမ်းသစ်"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။



















❐ ကျောဖုံးမှအဆက်

မြန်မာနိုင်ငံကိုယ်စားပြု ခရီးသွားမြှင့်တင်ရေးပြခန်းသို့ လာရောက်ကြသူများသည် မြန်မာနိုင်ငံ၏ခရီးစဉ်ဒေသများနှင့် ခရီးသွားဆွဲဆောင်မှုများကို စိတ်ဝင်တစားမေးမြန်းလေ့လာခဲ့ကြသည်။

ပြခန်းတွင်မြန်မာနိုင်ငံမှ ပညာတော်သင်ကျောင်းသားများ၊ ကောင်စစ်ဝန်ရုံးမိသားစုများက မြန်မာ့ရိုးရာသူငယ်တော်အက၊ တစ်ပင်တိုင်မင်းသားအက၊ ဦးရွှေရိုးနှင့် ဒေါ်မိုးအက၊ မြန်မာ့ရိုးရာရုပ်သေးအက၊ မြန်မာ့စောင်း၊ မြန်မာ့ရိုးရာခြင်းလုံးတို့ဖြင့် ဖျော်ဖြေတင်ဆက်ပေးကြသည့်အတွက် နိုဗိုစီဗစ်မြို့သူမြို့သားများက တစ်ခဲနက်အားပေးကြပြီး ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြသူ ရုရှားနိုင်ငံသားပရိသတ်များဖြင့် ပြခန်းသည် အထူးစည်ကားခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံမှ ဝါရင့်စားဖိုမှူးကြီးနှင့်မြန်မာမိသားစုများက မြန်မာ့အစားအစာများကို ချက်ပြုတ်တည်ခင်းပြသဧည့်ခံခဲ့ရာ





ပြပွဲလာရောက်ကြသူများ နှစ်သက်စွာအားပေးခဲ့ကြပြီး တည်ခင်းဧည့်ခံသည့် အစားအစာများထဲမှ မြန်မာ့မုန့်ဟင်းခါးနှင့် လက်ဖက်ကို အထူးနှစ်သက်စွာ အားပေးခဲ့ကြသည့်အပြင် မြန်မာ့ဝိုင်ကိုလည်း စိတ်ဝင်စားမှုများပြားခဲ့ကြောင်း သိရသည်။

အဆိုပါ အစားအစာနှင့်ခရီးသွားပြပွဲကို နိုဗိုစီဗစ်မြို့ အော့မြစ်ဘေးရှိ မီခါရိုလော့ဖ်စကားရားပန်းခြံ၌ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ပွဲကျင်းပသည့် သုံးရက်တာကာလအတွင်း မြန်မာနိုင်ငံကိုယ်စားပြုပြခန်းသို့ လာရောက်လည်ပတ်သူ သိန်းဂဏန်းဝန်းကျင်ရှိခဲ့သည်။

ပြပွဲလာရောက်သူများ၏ စိတ်ဝင်စားအားပေးမှုသာမက နိုဗိုစီဗစ်အစားအစာနှင့် ခရီးသွားပြပွဲကျင်းပရေး ကော်မတီက ပြုလုပ်သည့် အစားအစာ၊ အချက်အပြုတ်အပျော်တမ်းပြိုင်ပွဲ၌လည်း မြန်မာ့အစားအစာများကိုချက်ပြုတ်ပြသခဲ့ရာ ပြိုင်ပွဲဝင်များအကြား စိတ်ဝင်စားမှုများပြားခဲ့သည်။

ထိုသို့ပါဝင်ပြသခြင်းဖြင့် မြန်မာ့ရိုးရာအစားအစာများ၊ မြန်မာ့ယဉ်ကျေးမှု အနုပညာများနှင့် မြန်မာနိုင်ငံ၏ အထင်ကရခရီးစဉ်ဒေသများအကြောင်း ပြပွဲသို့လာရောက်သူများထံ တိုက်ရိုက်ဖြန့်ဝေဆောင်ရွက်နိုင်ခြင်း၊ ရုရှားခရီးသွားများ မြန်မာနိုင်ငံအကြောင်း ပိုမိုသိရှိကာ လာရောက်လည်ပတ်ရန်ဖိတ်ခေါ်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့သည့်အပြင် ပြပွဲလာ နိုင်ငံတကာနှင့် ရုရှားနိုင်ငံတို့မှ ခရီးသွားလုပ်ငန်းများ၊ ရုရှားနိုင်ငံသားများ အထူးသဖြင့် နိုဗိုစီဗစ်မြို့သူမြို့သားများထံ မြန်မာနိုင်ငံနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို ဖြန့်ဝေမိတ်ဆက်နိုင်ခဲ့သောကြောင့် ရုရှားခရီးသွားဈေးကွက်မြှင့်တင်နိုင်ရန် များစွာအထောက်အကူဖြစ်စေခဲ့ကြောင်းသိရသည်။

**မြဝတီ**




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မန္တလေးငလျင်ကြီးကြောင့်ထိခိုက်ပျက်စီးခဲ့သည့် နေပြည်တော် ဥတ္တရသီရိရေလှောင်တမံပြန်လည်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

● **ရှေ့ဖုံးမှအဆက်**

သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဥတ္တရသီရိမြို့နယ် ကျောက်အိုးချောင်းပေါ်တွင်တည်ရှိသည့် ဥတ္တရသီရိရေလှောင်တမံသို့ရောက်ရှိကြပြီး ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် တာဝန်ရှိသူများက

**❖ ဥတ္တရသီရိရေလှောင်တမံသည် ရေဆင်းဧရိယာ ဧက ၁၅၀၀၊ တမံအမြင့် ပေ ၆၀၊ တမံအလျား ပေ ၁၁၂၀ ရှိ မြေသားတမံအမျိုးအစားဖြစ်ပြီး ဥတ္တရသီရိမြို့နယ်အတွင်းရှိ ပြည်သူများ သောက်သုံးရေဖူလုံစွာပေးဝေနိုင်ရေးအတွက် ၂၀၀၈ -၂၀၀၉ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ရာ သက်တမ်းအားဖြင့် ၁၇ နှစ်ရှိပြီဖြစ် . . .**

ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ရုံးအဆောက်အအုံနှင့် ရုံးပတ်လမ်း ပြန်လည်တည်ဆောက်ရန်အတွက် မြေသားစမ်းသပ်ခြင်း၊ ကွန်ကရစ်လမ်း နိမ့်ကျုံကွဲအက်ပျက်စီးခဲ့သောနေရာတွင် ၁၂ ပေအကျယ် မြေသားလမ်းခင်းခြင်း၊ သံကူကွန်ကရစ်နှင့် Bored Pile ကျောက်စီမြေကာနံရံအသစ်တည်ဆောက်ခြင်း၊ ယာယီရေထုတ်မြောင်း တည်ဆောက်ခြင်းနှင့်




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မန္တလေးငလျင်ကြီးကြောင့်ထိခိုက်ပျက်စီးခဲ့သည့် အလုပ်သမားဝန်ကြီးဌာန မြေထိန်းနံရံပြန်လည်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဆည်အတွင်း ရေဝင်ရောက်ရာလမ်းကြောင်းများ၊ တမံပြန်လည်ပြုပြင်ရန်အတွက် ဘူမိဗေဒတိုင်းတာခြင်း၊ မြေစမ်းသပ်ခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့မှု၊ ရေလှောင်တမံ ရေထုတ်ပြွန်မှရေယိုစိမ့်မှုနှင့် မြေသားတမံ၏ ဖို့မြေထိခိုက်ပျက်စီးမှုများကို ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးချုပ်က သိရှိလိုသည်များ မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေလှောင်တမံအတွင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရေလယ်အဆောက်အအုံအား ဖယ်ရှားရှင်းလင်းနေမှု၊ အရန်အရေးပေါ်ရေပိုလွှဲအား ရေတံခါးတပ်ဆင်၍ ရေလွှဲပေါက်တစ်ခုအဖြစ် ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါရေလှောင်တမံတွင် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအနေဖြင့် အရန်ရေပိုလွှဲလမ်းကြောင်း ဖော်ထုတ်ခြင်း၊ တမံအတွင်း ရေဝင်လမ်းကြောင်းကို ချောင်းမကြီးဆည်ဘက်သို့ ပေ(၁၃၅၀) တူးဖော်ခြင်း၊ ပင်မရေပိုလွှဲတွင် ရေဝပ်နေရာကို ကွန်ကရစ်လောင်းခြင်း၊ ယာယီရေတားတမံနှင့်မူလတမံကြားရှိရေနှင့် သဲနုန်းများ စုပ်ထုတ်ရှင်းလင်းခြင်းနှင့် Tower အတွင်း ရေမဝင်အောင် Ring Bund ပတ်၍ လုပ်ငန်းများဆောင်ရွက်ခြင်း၊ ကွန်ကရစ် Tower အား ဖြိုဖျက်ခြင်းနှင့် သန့်ရှင်းရေးပြုလုပ်ခြင်း၊ ရေတံခါးဖြုတ်ခြင်း၊ ငလျင်ဒဏ်ကြောင့် ပေါက်ပြဲပျက်စီးခဲ့သည့် ရေထုတ်ပြွန်ကို ကွန်ကရစ်ဖြင့် အပြီးပိတ်ခြင်း၊ ရေလုံမြေဖြင့်ဖို့၍ ရေရှည်တမံကြံ့ခိုင်မှုရှိစေရန် တမံအရှေ့ဘက်မှ Banquette ဖို့ခြင်း၊ တမံအောက်ဘက် Downstream ဘက်ခြမ်း ထူးပေါက်နှင့် မြေကျွံကျမှုဖြစ်ပေါ်ခဲ့သောနေရာများမှ မြေသားများအား ဖယ်ရှားရှင်းလင်းပြီး တမံဖို့ရန် သတ်မှတ်ထားသည့် မြေအမျိုးအစားဖြင့် သတ်မှတ်ပုံစံအတိုင်း ပြန်လည်ကြိတ်ဖို့ခြင်း၊ ရေလွှဲမြောင်း Diver-sion Channel နေရာတွင် ၆ ပေ x ၈ ပေ အရွယ် ရေတံခါးတစ်ခုကို ကွန်ကရစ်ဖြင့် တည်ဆောက်ခြင်း၊ ကွန်ကရစ်ပိုက်အတွင်း ကွန်ကရစ်လောင်းရန် Conduit ပိုက်အား အပေါက်ဖောက်ခြင်း၊ ပိတ်ဆို့ရမည့်နေရာ တပ်ဆင်နိုင်ရန် Socket ပြုလုပ်ခြင်းနှင့် ရေလွှဲကြောင်းအား ရေတံခါးတပ်ဆင်ရန်အတွက် ဒီဇိုင်းရေးဆွဲခြင်းလုပ်ငန်းများကို အမြန်ဆုံး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဥတ္တရသီရိရေလှောင်တမံသည် ရေဆင်းဧရိယာ ဧက ၁၅၀၀၊ တမံအမြင့် ပေ ၆၀၊ တမံအလျား ပေ ၁၁၂၀ ရှိ မြေသားတမံအမျိုးအစားဖြစ်ပြီး ဥတ္တရသီရိမြို့နယ်အတွင်းရှိပြည်သူများ သောက်သုံးရေဖူလုံစွာ ပေးဝေနိုင်ရေးအတွက် ၂၀၀၈ -၂၀၀၉ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ရာ သက်တမ်းအားဖြင့် ၁၇ နှစ်ရှိပြီဖြစ်ကြောင်း သိရသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အလုပ်သမားဝန်ကြီးဌာနသို့ ရောက်ရှိကြပြီး ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးချစ်ဆွေနှင့် ဦးမျိုးသန့်တို့က ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးချုပ်က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် RC မြေထိန်းနံရံများ တည်ဆောက်ရန်အတွက် Bored Pile တူးဖော်နေမှု၊ ရုံးဝင်းအတွင်း Prefabricated Office (၄၀ ပေ x၄၀ပေ)နှင့်(၄၀ ပေ x၆၀ ပေ)များဖြင့် ယာယီရုံးခန်းများဖွင့်လှစ်၍ ရုံးလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# "မြန်မာနိုင်ငံ မျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး"အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁၅

**"မြန်မာနိုင်ငံမျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး"** အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုဝေးဆောင်ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က အနာဂတ်ကာလတွင် မျိုးစေ့ထုတ်လုပ်တင်ပို့ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် မျိုးစေ့ထုတ်လုပ်တင်ပို့သည့်နိုင်ငံအဖြစ် ပေါ်ထွန်းလာစေရန် လိုအပ်သော ပြင်ဆင်မှု၊ ဖြေလျှော့မှု၊ ပံ့ပိုးကူညီမှုများကို ဖန်တီးပေးခြင်း၊ မျိုးစေ့ထုတ်လုပ်ငန်းဆောင်ရွက်နေကြသောအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကုမ္ပဏီများ၊ တောင်သူများအနေဖြင့်လည်း တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ပြီး မျိုးစေ့ထုတ်လုပ်ငန်းများ ရေရှည်တည်တံ့စေရန်နှင့် စံချိန်စံညွှန်းနှင့်ကိုက်ညီပြီး ဒေသအလိုက် အောင်မြင်ဖြစ်ထွန်းမှုရှိသော အရည်အသွေးကောင်းမျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးသွားနိုင်ရေး ကြိုးပမ်းကြရန် လိုကြောင်း၊ သို့မှသာ တောင်သူလယ်သမားများနှင့်မျိုးစေ့ထုတ်လုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်သူများသာမက နိုင်ငံတော်အတွက်ပါ များစွာအကျိုးကျေးဇူးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက မြန်မာ့မျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၏အရေးပါမှုကို တင်ပြပြီး သက်ဆိုင်ရာပညာရှင်များက မျိုးစေ့ဥပဒေ၊ စည်းမျဉ်းများနှင့် လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုနှင့် အလေ့အကျင့်ကောင်းများ၊ မြန်မာ့မျိုးစေ့သုတေသနနှင့် မျိုးကွဲသစ်များဖော်ထုတ်ခြင်း၊ မြန်မာနိုင်ငံမျိုးစေ့အသင်းဥက္ကဋ္ဌနှင့် ပုဂ္ဂလိကကဏ္ဍမှ တာဝန်ရှိသူများက ပုဂ္ဂလိကကဏ္ဍ၏ မြန်မာ့မျိုးစေ့ကဏ္ဍဖွံ့ဖြိုးရေးနှင့် ရင်ဆိုင်နေရသောစိန်ခေါ်မှုများ၊ မျိုးစေ့လုပ်ငန်းနှင့်စပ်လျဉ်း၍ အခက်အခဲများ၊ တောင်သူတစ်ဦးက တောင်သူများ မျိုးကောင်းမျိုးသန့်မျိုးစေ့ရရှိသုံးစွဲမှုနှင့် ရင်ဆိုင်ရသည့် အခြေအနေများကို တင်ပြဆွေးနွေးကြသည်။

အုပ်စုအလိုက်ဆွေးနွေးခြင်းတွင် မျိုးစေ့ဥပဒေနှင့် မူဝါဒ၊ မျိုးစေ့ထုတ်လုပ်မှုနှင့် အရည်အသွေး၊ မျိုးစေ့ဖြန့်ဖြူးမှုနှင့် ဈေးကွက်၊ မျိုးစေ့သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အုပ်စုလေးစုခွဲ၍ဆွေးနွေးပြီး အုပ်စုကိုယ်စားလှယ်များက ဆွေးနွေးချက်ရလဒ်များကို ပြန်လည်တင်ပြဆွေးနွေးကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲတွင် ဝန်ကြီးဌာနမှ မျိုးစေ့ပညာရှင်များနှင့် ပုဂ္ဂလိကကဏ္ဍမှ မျိုးစေ့ပညာရှင်များ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

မြန်မာ့မျိုးစေ့ကဏ္ဍ၏ လက်ရှိအခြေအနေကို နားလည်သဘောပေါက်ရန်နှင့် အဓိကစိန်ခေါ်မှုများကို ဖော်ထုတ်ရန်၊ မျိုးစေ့ထုတ်လုပ်မှု၊ အရည်အသွေးထိန်းချုပ်မှုနှင့် ဖြန့်ဖြူးမှုဆိုင်ရာ သုံးသပ်ချက်များကို သိရှိစေရန်၊ အစိုးရ၊ ပုဂ္ဂလိကနှင့် တောင်သူအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုဝေတာဝန်ယူခြင်းအားဖြင့် သီးနှံများအထွက်တိုးရေးကို အထောက်အကူဖြစ်စေရန်၊ မျိုးစေ့ကဏ္ဍရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့ကျသည့် မူဝါဒအကြံပြုချက်များချမှတ်ရန် ရည်ရွယ်ကျင်းပသည့် အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဌာနတာဝန်ရှိသူများ၊ မြန်မာနိုင်ငံမျိုးစေ့အသင်း၊ မျိုးစေ့ထုတ်ကုမ္ပဏီများနှင့် မျိုးစေ့ထုတ်တောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြဝတီ



# စစ်ကိုင်းတိုင်းဒေသကြီး၌ စက်ချုပ်နည်းပညာသင်တန်း(အဆင့်မြင့်)သင်တန်း ဖွင့်လှစ်

မုံရွာ ဇူလိုင် ၁၅

အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းအတွက် ဖွင့်လှစ်သည့် စက်ချုပ်နည်းပညာသင်တန်း(အဆင့်မြင့်) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံးရှိ Incubation Centre၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြား၍ တိုင်းဒေသကြီးဝန်ကြီးများနှင့်တာဝန်ရှိသူများက စက်ချုပ်နည်းပညာသင်တန်း(အဆင့်မြင့်)အတွက် သင်တန်းသုံးပစ္စည်းများနှင့် ကုန်ကြမ်းပစ္စည်းများ ပေးအပ်ကြပြီး ခင်းကျင်းပြသထားသည့် သင်တန်းတွင် အသုံးပြုမည့် သင်ထောက်ကူပစ္စည်းများနှင့် ကုန်ကြမ်းပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



## မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် ဇူလိုင် ၁၅

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

## အာဇာနည်ဗိမာန်သို့လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

(၁) ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခမ်းခြင်း စသည့် လက္ခဏာများဖြစ်ပွားနေပါက အခမ်းအနားသို့လာရောက်ခြင်းမပြုရန်၊

(၂) အာဇာနည်နေ့အခမ်းအနားကျင်းပနေစဉ်တွင် ဖျားခြင်း၊ ချောင်းဆိုးခြင်း အစရှိသော ကိုဗစ်-၁၉ ရောဂါအပါအဝင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများခံစားရပါက ပါးစပ်နှင့် နှာခေါင်းစည်းတပ်ဆင်ရန်၊

(၃) အာဇာနည်ဗိမာန်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၄) ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသော ကျန်းမာရေးဆိုင်ရာ အသိပေးချက်၊ သတိပေးချက်များအား လိုက်နာရန်။

(၇၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေးဗဟိုကော်မတီ

# ဥတ္တရသီရိမြို့နယ်၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင်ဆောင်ရွက်မည့် စီမံကိန်းသီးနှံ မိုးစပါး တစ်ဧက ပန်းတိုင်အထွက်နှုန်းရရှိရေး မျိုးစပါးနှင့် သွင်းအားစုများ ထောက်ပံ့ပေးအပ်



နေပြည်တော် ဇူလိုင် ၁၅

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် စီမံကိန်းသီးနှံမိုးစပါး တစ်ဧက ပန်းတိုင်အထွက်နှုန်းရရှိရေး မျိုးစပါးနှင့် သွင်းအားစုထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ဥတ္တရသီရိမြို့နယ် မင်းကုန်းကျေးရွာ ရှင်းလင်းဆောင်၌ကျင်းပရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဥတ္တရသီရိမြို့နယ် သမဝါယမဦးစီးဌာနဦးစီးမှူးက ဥတ္တရသီရိမြို့နယ်အတွင်း သမဝါယမကဏ္ဍအနေဖြင့် မိုးစပါးစိုက်ပျိုးမှု၊ အထွက်တိုးမျိုးနှင့် သွင်းအားစုများ ထောက်ပံ့ပေးအပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည့် မျိုးကောင်းမျိုးသန့်များနှင့် သွင်းအားစုများကို နိုင်ငံတော်ထောက်ပံ့ငွေ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ၊ သမဝါယမအသင်းရန်ပုံငွေ၊ သွင်းအားစုလုပ်ငန်းရှင်များနှင့် ပူးပေါင်းစီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားပြီး အသင်းသားတောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဥတ္တရသီရိမြို့နယ်အတွင်းရှိ မိုးစပါးစိုက်တောင်သူများအတွက် အထွက်တိုးမျိုးနှင့် သွင်းအားစုများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဥတ္တရသီရိမြို့နယ် မရမ်းခုံကျေးရွာရှိ ငွေဇင်ယော်အုတ်စက်ရုံ၊ မန္တလေးလျှောင်ကြီးကြောင့် ပျက်စီးသွားသော မရမ်းခုံကျေးရွာရှိ အမြင့်တင်ရေစင် ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု၊ ဥတ္တရသီရိမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် အောင်ချမ်းသာ-မီးလောင်ကုန်း ကျေးရွာချင်းဆက်လမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းနှင့် အမာခံလမ်းပခုံးခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ဥတ္တရသီရိမြို့နယ် ဇလောင်းတောင် ခေတ်မီစံပြကျေးရွာ၌ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် ဖွင့်လှစ်ခဲ့သည့် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပြီး လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးထားသော သင်တန်းသူများ၏ ရှမ်းမလေး လူသုံးကုန်လုပ်ငန်းဆောင်ရွက်နေမှုကိုကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ မြဝတီ

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of National Disaster Management Committee Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win inspects progress in repairing the Uttarathiri Dam in Nay Pyi Taw and ring road of Ministry of Labour and retaining walls affected by Mandalay earthquake

NAY PYI TAW July 15

Chairman of National Disaster Management Committee Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win, accompanied by union ministers, the Nay Pyi Taw Council chair and members of the entourage, inspected the progress in repairing the Uttarathiri Dam in Nay Pyi Taw and ring road of Ministry of Labour and retaining walls affected by Mandalay earthquake this evening.

The Vice-Senior General and party arrived at Uttarathiri Dam on Kyaukyoe creek in Uttarathiri Township and heard a report on water inlets damaged by the quake, geological surveys and ground tests for repairing the dam, leakages at the outlet conduit and progress in repairing the earth dam, presented by Union Minister U Min Naung and officials. The Vice-Senior General asked for more detail and gave guidance.



Vice-Senior General Soe Win inspects progress in repairing the Ottarathiri Dam.



Photo shows a structure of Ottarathiri Dam.

The Vice-Senior General and party observed the removal of damaged structures, installation of a sluicegate at the emergency spillway to be used as a diversion portal.

With regard to repairing the dam, efforts are being made to build a reserved spillway channel, dig a 1,350 feet route of the water inlet channel heading to Chaungmagyi Dam, place concrete on the low-laying area of the main spillway, remove water and silt between the temporary dyke and the original embankment, and construct a ring bund to protect the tower against the inflow of water. Moreover, the concrete tower was demolished to carry out cleansing tasks with putting off the valves of the sluicegate, permanently closing the conduit damaged by the earthquake, filling soil on the eastern part of the embankment with banquette to ensure long term strengthening, removing the soil from the landslide areas downstream of the dam. In addition,

See Page - 19



Vice-Senior General Soe Win inspects a newly erected office room.



■■ From Page - 18
the embankment was refilled with soil in an original state with construction of a concrete value with 6 feet by 8 feet in size at the diversion channel. The conduit was drilled to have a hole to be filled concrete into the concrete pipe, while a socket is being made to be installed to block the concrete pipe and the design is being formulated swiftly to install the valve in the diversion channel.

Ottarathiri Dam is of earthen embankment, covering 1,500 acres of watershed. Its embankment is 60 feet in height and 1,120 feet in length. It was built in 2008-2009 financial year to supply sufficient drinking to dwellers in Ottarathiri Township. Now, the dam turns 17 years.

The Vice-Senior General and party arrived at the Ministry of Labour where Union Ministers U Chit Swe and U Myo Thant reported on conducting the soil test for reconstruction of the office building and the circular road damaged by the earthquake, placing an earthen road with 12 feet in width in the place of the damaged concrete facility, construction of new gravel-filled retaining walls with reinforced concrete and bored piles, building of a temporary water outlet channel and other future plans. The Vice-Senior General coordinated with officials to fulfill the needs.

The Vice-Senior General inspected preparations to drive bored piles for construction of the RC retaining walls, and functioning of the office works at the 40 feet by 40 feet and 40 feet by 60 feet prefabricated offices in the office compound and gave necessary instructions.

**100**

# Kyaukmyaung Sub-township completes cultivation of peanut this monsoon

KYAUKMYAUNG July 15

Local farmers from Kyaukmyaung Sub-township of Shwebo District in Sagaing Region finished cultivation of 6,000 acres of peanut this monsoon, according to the data of the sub-township agriculture department.

During the 2025-2026 monsoon crop season, it was planned to cultivate 12,867 acres of groundnut in Kyaukmyaung Sub-township. Cultivation began in May of this year, and as of today, 6,255 acres have already been planted.

"This year, during the monsoon crop season, over 12,000 acres of peanut are planned to be cultivated in Kyaukmyaung Sub-township. So far, over 6,000 acres have been successfully planted. Efforts are being made to meet the full targeted acreage. As an oil crop, peanut cultivation is currently in a successful state. The acreage of groundnut cultivation has been increasing year by year," said Daw Khin Win, Head of the Department of Agriculture for Kyaukmyaung Sub-township.

In Kyaukmyaung Sub-township, one and a half baskets of seeds are sown per acre for peanut cultivation.

The cost per acre, including seed cost, labour charges, fertilizers, and pesticides, exceeds Ks-200,000. It is reported that one acre typically yields over 50 baskets.

**SMK**

# Pyapon sent flower snail to Yangon market



PYAPON July 15

"Merchants from Pyapon Township of Ayeyawady Region shipped 65,000 viss of flower snails to Yangon market," said Daw Aye Thu, the owner of fishery product trading commodity in Pyapon Township.

They sent 45,000 viss of flower snail to Yangon in April but 65,000 viss.

Daw Aye Thu disclosed: "Local merchants sell fishery products to Yangon market. Now, they sell 65,000 viss of flower snails. Currently, fishery products are in high demand at Yangon market. Its price depends on freshness and cleanliness. Seafood restaurants demand to purchase flowery snails. So, local merchants and fishermen are convenient in their livelihoods."

It is reported that flower snails exported from Pyapon Township were priced up to Ks-21,000 per viss. Due to good sales and increased exports not only of flower snails but also of other fishery products from the region, job opportunities are reportedly favorable for fishermen, individual traders, market stall operators, merchants, and freight vehicle rental service providers. **SK**

# The number of local chicken breeders increase in upper Myanmar

MANDALAY July 15

The number of local chicken breeders in upper Myanmar has increased, according to data from local sources.

Currently, the native chicken trade is at a good price, and sales are moderate, but there are more breeders of indigenous chicken because of its popularity.

"There are many interested people. Most of them are buyers from upper Myanmar. The prices are good in Taunggyi, Kengtung and Myitkyina," said a local chicken trader and breeder.

Raising local chickens can take from 2.5 to 4 months, and there is an advantage that they can still be kept even if they are not sold out.

"They are called local, indigenous or Bamar chickens. If they are of shorter days, the meat is soft. It also depends on the input. If you feed them company feed, they will be ready in 2.5 to 3 months. If you mix your feed, they will be ready for sale in 4 months," he said.



As for inputs, in addition to ready-to-eat chicken feeds, breeders can prepare by mixing paddy, rice, broken rice, rice bran, cooked rice or mixture, green feed, bean meal cake and locally available silk leaves, Boscai leaves, water spinach and water hyacinth and feed them in a bowl.

**SMK**

# Natmauk Township plans to grow over 24000 acres of rain-fed rice in this monsoon

NATMAUK July 15

Natmauk Township has designated 24,925 acres for the cultivation of rain-fed rice, aiming to achieve a surplus in local production. As of now, 5,820 acres have already been planted. The Township Agriculture Department is closely monitoring planting efforts to ensure the target is achieved and potentially exceeded.

Farmers in Natmauk Township primarily grow rice varieties such as Manaw Thukha, Sin Thukha, Eyarmin, Yadanar Toe, Sar Pho Tha, and GW-11. These varieties are selected based on their suitability to local conditions and farmer preferences. Cultivation methods include direct seeding and the use of rice planters, with technical guidance from the township agriculture department.

To ensure successful cultivation and high yields, the Agriculture Department is distributing rice seeds well-suited to the region and promoting proper planting techniques.

**SK**

# Farmers finish cultivation of rain-fed sesame in Budalin Township

BUDALIN July 15

Statistics of Budalin Township Agriculture Department stated that local farmers have planted more than 5,000 acres of rain-fed sesame in Budalin Township of Sagaing Region this year.

During the 2025-2026 monsoon crop season, it is planned to cultivate 53,110 acres of rain-fed sesame in Budalin Township. Cultivation began in May of this year, and as of today, a total of 5,162 acres have already been sown.

"This year, for the monsoon crop season, over 53,000 acres of rain-fed sesame are planned to be cultivated in Budalin Township. As of today, more than 5,000 acres have already been cultivated. Efforts are being made to ensure the full targeted acreage is achieved. We are also working to expand sesame cultivation areas, improve yields, and promote cultivation using GAP (Good Agricultural Practices)," said U Phyo Wai, Head of the Budalin Township Agriculture Department.

This year, the Budalin Township Agriculture Department has been providing awareness and guidance to sesame farmers on how to expand cultivation, adopt proper farming methods and GAP techniques, use quality seeds, and grow high-yield varieties.

Crops produced using the GAP system have higher quality than those grown through conventional methods, fetch better prices, and can be sold not only in local markets but also exported to international markets. **SK**

# Potential implementation of 30 percent US tariffs on EU will hurt all parties involved

MOSCOW July 15

Czech Prime Minister Petr Fiala stated that US President Donald Trump's plan to impose 30 percent tariffs on European Union goods will not benefit anyone.

"The introduction of 30 percent tariffs by the United States on goods from the European Union will not benefit either the EU or the Czech Republic. As a supporter of free trade and duty-free zones, I believe that this will not benefit the United States either," Fiala was quoted as saying by the CTK news agency on Monday.

He added that Europe should be prepared for a disappointing outcome of negotiations with Washington, but at the same time, continue to strive to reach an acceptable agreement with the US. Fiala noted that the impact of new tariffs on the Czech economy could be around several tenths of one percent of GDP, depending on the specific form of tariffs.

"There is a clear consensus in Europe that we should be prepared for a bad outcome of the negotiations, but in any case we should try to reach a good agreement. There is still a chance," the prime minister said.

On the same day, European Commissioner for Trade and Economic Security Maros Sefcovic said that possible 30 percent tariffs are "absolutely unacceptable."

"This is the level that it is absolutely prohibitive to any trade, so in this case we clearly would negotiate as intensely as required, and, of course, we will try to deliver results by the end of August," Sefcovic told reporters in Brussels.

On July 12, US President Donald Trump announced that he would impose 30 percent tariffs on imported European goods starting August 1, while the previous sectoral tariffs would remain in force.

European Commission President Ursula von der Leyen said over the weekend that the EU would continue negotiations with Washington, but warned that it was ready to introduce countermeasures. **Sputnik**

# Trump asks Zelensky if Ukraine could hit Moscow: FT

LONDON July 15

U.S. President Donald Trump has encouraged Kiev to escalate deep strikes into Russian territory, even asking Ukrainian President Volodymyr Zelensky whether Moscow could be targeted if long-range weapons were supplied, the Financial Times reported on Tuesday.

"Volodymyr, can you hit Moscow? ... Can you hit St. Petersburg, too?" Trump asked during the call on July 4, and Zelensky replied: "Absolutely. We can if you give us the weapons," the Financial Times reported, citing two people familiar with the conversation.

The phone talk took place just one day after Trump spoke with Russian President Vladimir Putin, a conversation the U.S. president reportedly described as "bad."

According to the report released by the Financial Times, although it remains uncertain whether the United States will move forward with supplying the requested weapons, sources familiar with the matter said Trump appeared eager to explore more aggressive military options to pressure Moscow into negotiations.

The report added that the White House and Ukraine's presidential office did not respond to requests for comment. **Xinhua**

# 11 missing after speedboat capsizes off Mentawai Islands in Indonesia's West Sumatra

JAKARTA July 15

Eleven people are missing and 7 others have survived after a speedboat capsized off the coast of the Mentawai Islands in Indonesia's West Sumatra Province on Monday, according to Dio Ulwi Finanda, head of the emergency unit of the local search and rescue office.



The speedboat was traveling from Sikakap Island to Sipora Island, both part of the Mentawai Islands, when it went down in the waters between the two, Finanda told Xinhua early Tuesday morning.

"The sea incident occurred at around 11:00 a.m. Jakarta time," he said. "But seven of the boat's occupants managed to swim to shore. They arrived at around 5:00 p.m."

Following the report, the search and rescue office deployed one rigid inflatable boat and one ship with rescue personnel to the scene. However, when they arrived, the speedboat was nowhere to be found.

"The search for the wreckage and the other occupants is ongoing. So far, no one has been discovered," Finanda said.

Rescue operations are set to resume on Tuesday. The cause of the incident remains unknown.

Meanwhile, the Indonesian Meteorology, Climatology, and Geophysics Agency has issued warnings of extreme weather conditions in Indonesian waters. **Xinhua**

# Moscow to have first direct flight to Pyongyang: Russian Transport Ministry

MOSCOW July 15

The first flight from Moscow to Pyongyang, the capital of the Democratic People's Republic of Korea (DPRK), is scheduled for July 27, the Russian Ministry of Transport said Monday.

"Subsequent flights will operate monthly to build stable demand and ensure flight occupancy," it said, adding that the expected flight time is approximately eight hours.

In early July, Russia's aviation authority granted permission to Nordwind Airlines to operate this flight, which marks the second direct air route between the two countries.

Currently, the flag carrier of the DPRK, Air Koryo, operates direct flights between Vladivostok and Pyongyang three times a week. Tickets to Pyongyang cannot be purchased separately; they are sold to tourists only as part of an excursion tour, reported the Tass news agency. **Xinhua**

# 28 pct of businesses in Israel use AI: survey

JERUSALEM July 15

A comprehensive survey conducted by Israel's Central Bureau of Statistics has shown that 28 percent of businesses in the country are using artificial intelligence (AI) in their operations.

The survey, the first of its kind in Israel, was conducted last month and covered more than 34,000 businesses across various sectors in Israel. Managers were asked about their company's use of AI, its purposes, and its impacts, according to the bureau.

The findings revealed that 17 percent of businesses use paid AI services, which indicates more intensive engagement.

It was also found that AI use is common in the high-tech and finance sectors in Israel. About 60 percent of companies in these industries have adopted AI, and most of them use paid services.

Meanwhile, around 23 percent of high-tech and finance businesses use AI for complex tasks, compared to only 3 percent in manufacturing.

Among companies that reported using AI, 42 percent use it to perform technical and routine tasks previously handled by employees, while 14 percent use it for complex tasks that require higher-level thinking.

The survey also found that in most businesses, the use of AI has not affected the overall level of workers' employment. **Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# World leading expert warns that most people are taking popular supplement WRONG: 'You're putting yourselves at risk'

A world leading doctor has raised the alarm over turmeric supplements, and says that they could cause life-threatening liver damage.

Turmeric has long been lauded for its anti-inflammatory benefits, and hailed as a natural remedy which can be used to treat everything from arthritis to heart disease.

Some researchers even believe that the spice might be effective in supporting cancer treatments, reducing the chance of the disease spreading.

As a result, turmeric supplements have taken the wellness world by storm, with around half of all adults in the UK currently taking supplements on a regular basis.



Yet, Dr Jen Gunter, a leading gynecologist, has now warned: 'There is no good science to support turmeric supplements for any health outcome, so why take the risk?'

Turmeric is made by breaking down the dried rootstalk of turmeric plants, so that it can be used in everything from curries to coffees.

In this state very little of the active ingredient—curcumin, which gives the spice its bright yellow colour—can be absorbed by the body.

'Food and supplements are not the same thing,' Dr Gunter warned her 372,000 followers in an Instagram video.

'You can't compare something that you're taking with a bowl of protein of fibre, with something you're taking as a pill,' she added.

But now supplement manufactures are pairing curcumin with piperine—a compound found in black pepper—to boost its absorption by up to 2,000 percent.

'Turmeric, the spice by itself, is not actually absorbed very well,' Dr Gunter explained.

'But these turmeric products that have really flooded the market are all designed to enhance absorption.'

This carries significant health risks as in high doses, curcumin can interact with the efficacy of other drugs including antibiotics and blood pressure medications.

In the most extreme cases, turmeric supplements have been linked with severe liver damage.


Dr Gunter said: 'Experts in this space are really concerned that the rise in liver toxicity that we're seeing is paralleling these products that are designed to enhance absorption.'

In a study published in The American Journal of Medicine researchers looked at the number of turmeric-associated liver injury cases recorded in the US between 2004 and 2022.

They discovered 10 cases of liver damage caused by the spice. Five people were hospitalised and one person died of acute liver failure.

The 62-year-old woman had no history of liver disease and was taking turmeric root extract for her arthritis. She was also taking tramadol—a strong painkiller—a nasal decongestant for her allergies, and other multivitamins including ginger and vitamin D.

She developed fatigue and nausea followed by jaundice, after taking turmeric once daily for 14 months.




A liver that is working poorly cannot get rid of bilirubin—a substance that triggers yellowing of the eyes and skin, medically known as jaundice.

She stopped taking the supplement, but her symptoms did not improve and she was listed for a liver transplant.

She died within five weeks of the onset of symptoms.

Doctors concluded that the liver failure was likely caused by the turmeric supplements, which could have interacted with the other medications she was taking.

High doses of curcumin have also been shown to have a blood-thinning effect, putting people who take anticoagulants at increased risk of dangerous bleeding.

Dr Gunter also warned that the supplements could interfere with the absorption of iron, an essential mineral important in making red blood cells that carry life-giving oxygen around the body.

A lack of iron can lead to iron deficiency anemia, which can be particularly dangerous for women who lose a lot of blood during their period.


It comes as the latest official figures show the number of Brits being hospitalised for malnutrition and nutritional deficiencies has almost tripled in a decade.

In 2022, there were more than 800,000 admissions in England and Wales with conditions linked to poor nutrition, including 'Victorian' illnesses scurvy and rickets.

Iron deficiency was the biggest problem, NHS data revealed, with admissions for the bone-weakening condition shooting up by 149 percent since 2013.

**Mail Online**

# သမိုင်းမှတ်တိုင်အသစ် စိုက်ထူလိုက်နိုင်တဲ့ တရုတ်ရဲ့ ကမ္ဘာပတ်လမ်းထဲမှာလောင်စာဖြည့်မှု



မိမိတို့ရဲ့ ကမ္ဘာပတ်လမ်းအတွင်းသွားလာနေတဲ့ဂြိုဟ်တုများအတွက်သာမက လူလိုက်ပါတဲ့အာကာသခရီးစဉ်များအတွက် လောင်စာပြန်လည်ဖြည့်တင်းမှုနည်းပညာဆိုတာ အလွန်အရေးပါတဲ့နည်းပညာဖြစ်လာပါတယ်။ လက်ရှိအခြေအနေမှာဆိုရင် လူလိုက်ပါတဲ့ဒုံးပျံတွေဟာ သူတို့ရဲ့လောင်စာတွေကို ပတ်လမ်းအတွင်းရောက်ရှိဖို့အတွက်သာ အသုံးပြုနေရတာပါ။ ပတ်လမ်းအတွင်းရောက်သွားပြီဆိုရင် ကျန်ရှိတဲ့အာကာသယာဉ်က နေရောင်ခြည်စွမ်းအင်ကိုအသုံးပြုခြင်းဖြင့်ဖြစ်စေ အာကာသခရီးကိုဆက်လက်လျှောက်လှမ်းရတာဖြစ်ပါတယ်။ တကယ်လို့များ လောင်စာပြန်လည်ဖြည့်တင်းခြင်းနည်းပညာက အဆင့်မြင့်လာပြီး လက်တွေ့အသုံးဝင်လာတယ်ဆိုရင် အဲဒီဒုံးပျံတွေအနေနဲ့ ကျယ်ပြောနက်ရှိုင်းလှတဲ့ အာကာသခရီးကိုဆက်သွားနိုင်မှာဖြစ်ပါတယ်။

ဒါကြောင့်ပဲ တရုတ်သိပ္ပံပညာရှင်များက အာကာသအတွင်းလောင်စာပြန်လည်ဖြည့်တင်းခြင်းနည်းပညာကိုအဆင့်မြှင့်တင်မှုတွေလုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် လက်တွေ့ဆောင်ရွက်မှုကိုလည်းအောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့တာတွေ့ရပါတယ်။ ဒါဟာ တရုတ်နိုင်ငံအတွက်သာမက အာကာသနဲ့ပတ်သက်တဲ့သမိုင်းကြောင်းမှာလည်း မှတ်တိုင်အသစ်တစ်ခုကို စိုက်ထူလိုက်နိုင်တာဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။ ဘာကြောင့်လဲဆိုရင် ဒီလိုမျိုးလက်တွေ့လုပ်ဆောင်မှုကို ဘယ်နိုင်ငံကမှလုပ်ဆောင်နိုင်ခြင်းမရှိသေးတာကြောင့်ပါပဲ။

ကမ္ဘာပတ်လမ်းအတွင်း လောင်စာပြန်လည်ဖြည့်တင်းခြင်းလုပ်ငန်းအတွက် တရုတ်နိုင်ငံရဲ့ Shijian-21 နဲ့ Shijian-25 ဂြိုဟ်တုများက ဇူလိုင်လ ၂ ရက်ကနေ ဇူလိုင်လ ၆ ရက်အတွင်း အတူပူးကပ်နေတာတွေ့ရတယ်လို့ စောင့်ကြည့်လေ့လာသူများကထုတ်ပြန်ထားပါတယ်။ ဂြိုဟ်တုနှစ်စင်းအတူရှိနေတဲ့ အချိန်အတိုင်းအတာကိုဆန်းစစ်ကြည့်တဲ့အခါ အဲဒီဂြိုဟ်တုနှစ်စင်းဟာ တစ်ခုနဲ့တစ်ခုချိတ်ဆက်နေတယ်လို့ဆိုနိုင်ပါတယ်။

အဲဒီဂြိုဟ်တုနှစ်စင်းဟာ တစ်စင်းနဲ့တစ်စင်းပူးကပ်ပြီး ကမ္ဘာပတ်လမ်းအတွင်းလောင်စာဖြည့်တင်းခြင်းလုပ်ငန်းလုပ်ဆောင်တဲ့အခါ အီကွေတာအထက် မိုင်ပေါင်း ၂၂၂၃၆ မိုင်အကွာမှာရောက်ရှိနေတာဖြစ်ပါတယ်။ တရုတ်နိုင်ငံက Shijian-21 ဂြိုဟ်တုကို ၂၀၂၁ ခုနှစ်ကတည်းက လွှတ်တင်ထားတာဖြစ်ပြီး Shijian-25 ဂြိုဟ်တုကိုတော့ ၂၀၂၅ ခုနှစ်အစောပိုင်းမှသာလွှတ်တင်လိုက်တာဖြစ်ပါတယ်။ သူ့ကိုလွှတ်တင်ရတဲ့အဓိကရည်ရွယ်ချက်က အခုလိုမျိုးလောင်စာပြန်လည်ဖြည့်တင်းရေးလုပ်ငန်းအတွက်ဖြစ်ပါတယ်။

၂၀၂၂ ခုနှစ်အတွင်းက Shijian-21 ဂြိုဟ်တုဟာ ရှုပ်ထွေးလှတဲ့အာကာသလုပ်ငန်းတစ်ခုမှာပါဝင်ခဲ့တာတွေ့ရပါတယ်။ အဲဒီလုပ်ငန်းကတော့ ပျက်စီးနေတဲ့တရုတ်လမ်းညွှန်ဂြိုဟ်တုကို အဝေးတစ်နေရာသို့ ပို့ဆောင်ပေးရမှုဖြစ်ပါတယ်။ Shijian-21 က အဲဒီဂြိုဟ်တုကို သတ်မှတ်နေရာအထိတွန်းသွားပြီး လုပ်ငန်းကိုအောင်မြင်စွာအဆုံးသတ်နိုင်ခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီအစီအစဉ်မှာ Shijian-21 က သူ့ရဲ့လောင်စာတွေကိုတော်တော်များများသုံးလိုက်ရပါတယ်။

ဒါကြောင့် ဒီနှစ်မှာ Shijian-25 ကိုလွှတ်တင်ပြီး အာကာသပတ်လမ်းအတွင်း လောင်စာပြန်လည်ဖြည့်တင်းခြင်းကိုဆောင်ရွက်ခဲ့တာပါ။ အခုလိုအောင်မြင်မှုရတဲ့အတွက် ဂြိုဟ်တုများရဲ့သက်တမ်းကိုပိုပြီးရှည်စေရုံသာမကဘဲ ကုန်ကျစရိတ်ကိုလည်းလျော့ကျစေမယ်လို့ဆိုပါတယ်။

**Ref: IE**

**ကိုထက်**

# ကာဗွန်ဒိုင်အောက်ဆိုက်မှ အစားအစာသို့ပြောင်းလဲပေးနိုင်မယ့် နည်းပညာအသစ်



ပတ်ဝန်းကျင်လေထုညစ်ညမ်းမှုကိုဖြစ်စေတဲ့ အခြေခံအကျဆုံးအကြောင်းရင်းက ကာဗွန်ဒိုင်အောက်ဆိုက်တွေကြောင့်ပါပဲ။ ကာဗွန်ဒိုင်အောက်ဆိုက်ဆိုတာ လူတွေရဲ့လုပ်ဆောင်မှုကြောင့် အများဆုံးထွက်ပေါ်လာရတဲ့ ဓာတ်ငွေ့ဖြစ်ပါတယ်။ ဒီဓာတ်ငွေ့ကမကောင်းမှန်းသိသလို သူ့ကိုစုပ်ယူကာအခြားနည်းနဲ့ပြန်အသုံးပြုနိုင်ဖို့အတွက် ပညာရှင်များက နည်းလမ်းများစွာကို တီထွင်ကြံဆလာပါတယ်။ အဲဒီပညာရှင်တွေထဲမှာ တရုတ်နိုင်ငံမှ သိပ္ပံပညာရှင်များလည်း အပါအဝင်ဖြစ်ပါတယ်။

တရုတ်သိပ္ပံပညာရှင်များက လေထုထဲမှ ကာဗွန်ဒိုင်အောက်ဆိုက်ကိုရယူပြီး လူတွေအတွက် အသုံးဝင်မယ့် စားသောက်ကုန်တစ်မျိုးကိုဖန်တီးပေးနိုင်မယ့် နည်းလမ်းတစ်မျိုးကို တီထွင်လိုက်တာဖြစ်ပါတယ်။ အဲဒီနည်းလမ်းအရထွက်ပေါ်လာမယ့် စားသောက်ကုန်ကတော့ သကြားအဖြူဖြစ်ပါတယ်။ အဲဒီလိုမျိုး သကြားထုတ်လုပ်မှုမှာ စိုက်ပျိုးမြေများ၊ စိုက်ပျိုးရေးထွက်ကုန်များကိုအသုံးပြုထားခြင်းမရှိပါဘူး။ ဒီနည်းလမ်းက နောင်တစ်ချိန်မှာ လေထုထဲမှကာဗွန်ဓာတ်ငွေ့များကိုစုပ်ယူနိုင်စေဖို့ အကူအညီဖြစ်စေမယ်လို့လည်း ပညာရှင်များကပြောပါတယ်။

ပညာရှင်များဖန်တီးလိုက်တဲ့ အခုနည်းလမ်းက စက်မှုလုပ်ငန်းတွေကနေထွက်ပေါ်လာတဲ့ စွန့်ပစ်ပစ္စည်းတစ်မျိုးဖြစ်တဲ့ မက်သနောကိုသကြားအဖြစ်သို့ပြောင်းလဲပေးဖို့အတွက် အင်ဇိုင်းများကိုအသုံးပြုခြင်း ဒါမှမဟုတ် ကာဗွန်ဒိုင်အောက်ဆိုက်တွေကို ဓာတုဗေဒနည်းအရပြုပြင်ခြင်းအားဖြင့် သကြားများကိုထွက်ပေါ်စေဖို့လုပ်ဆောင်တဲ့နည်းလမ်းပဲဖြစ်ပါတယ်။ ဒီနည်းလမ်းကနေထုတ်လုပ်ပေးနိုင်မယ့်အရာက သကြားသာမကပါဘူး။ ကစီဓာတ်ကဲ့သို့ တခြားအရေးကြီးတဲ့စားသောက်ကုန်များကိုထုတ်လုပ်နိုင်စေဖို့အတွက်လည်း လိုအပ်တဲ့ချိန်ညှိမှုတွေကိုလုပ်ဆောင်နိုင်မယ်လို့ ပညာရှင်များကဆိုပါတယ်။

အခုနည်းလမ်းက စားနပ်ရိက္ခာဖူလုံရေးအတွက်လည်း သိပ်ကိုအရေးကြီးတဲ့နည်းလမ်းတစ်ခုအဖြစ်သတ်မှတ်နိုင်ပါတယ်။ ဘာကြောင့်လဲဆိုရင် သမားရိုးကျစိုက်ပျိုးရေးနည်းလမ်းတွေမလိုအပ်ဘဲ ဓာတုပစ္စည်းတွေကနေတစ်ဆင့် ဘေးကင်းစိတ်ချရမှုရှိတဲ့ စားသောက်ကုန်များကို ထုတ်လုပ်နိုင်မယ့်အတွက်ကြောင့်ပဲဖြစ်တယ်လို့ ပညာရှင်များကပြောထားပါတယ်။

**Ref: IE**

**ကိုထက်**

# ဒေါ့ဒိုကျွန်းကိုပိုင်ဆိုင်ကြောင်း ဂျပန်၏စက္ကူဖြူစာတမ်း၌ဖော်ပြမှု တောင်ကိုရီးယားက ပြင်းပြင်းထန်ထန်ကန့်ကွက်



**ဆိုး၊ နိုင်ငံရေး**

တောင်ကိုရီးယားနိုင်ငံ အရှေ့ဖျားစွန်း၌တည်ရှိသောဒေါ့ဒိုကျွန်းကို ဂျပန်နိုင်ငံက ပိုင်ဆိုင်ကြောင်း ဂျပန်အစိုးရ၏ကာကွယ်ရေးစက္ကူဖြူစာတမ်း၌ဖော်ပြထားမှုနှင့် ပတ်သက်၍ တောင်ကိုရီးယားအစိုးရက ဇူလိုင်လ ၁၅ ရက်တွင် ပြင်းပြင်းထန်ထန်ကန့်ကွက်လိုက်ကြောင်းသိရသည်။

သမိုင်းကြောင်းအရဖြစ်စေ၊ ပထဝီနယ်နိမိတ်အရဖြစ်စေ၊ အပြည်ပြည်ဆိုင်ရာဥပဒေအရဖြစ်စေ ဒေါ့ဒိုကျွန်းသည်တောင်ကိုရီးယားနိုင်ငံကပိုင်ဆိုင်သော နယ်မြေသာဖြစ်ကြောင်း၊ ထို့ကြောင့် ဂျပန်အစိုးရ၏ စက္ကူဖြူစာတမ်းပါဖော်ပြချက်အပေါ် အစိုးရကပြင်းပြင်းထန်ထန်ကန့်ကွက်ကာ ထိုသို့ကန့်ကွက်ကြောင်းကိုလည်း ဂျပန်သံရုံးမှတာဝန်ရှိသူများကိုဆင့်ခေါ်၍ တရားဝင်စာပေးပို့ခဲ့ပြီးဖြစ်ကြောင်း တောင်ကိုရီးယားအစိုးရအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

အလားတူ ဂျပန်နိုင်ငံအနေဖြင့် ၎င်းတို့၏ထုတ်ပြန်ချက်ကို ချက်ချင်းရုပ်သိမ်းပေးရန်၊ သို့မဟုတ်ပါက ဒေါ့ဒိုကျွန်းနှင့်ပတ်သက်၍ ဂျပန်နိုင်ငံ၏ မည်သည့်ရန်စမှုမျိုးကိုမဆို သဘောထားတင်းတင်းဖြင့် လက်တုံ့ပြန်သွားမည်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူကဆက်ပြောသည်။

ထို့အတူ တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနကလည်း နိုင်ငံ၏နယ်မြေအချုပ်အခြာအာဏာ ပိုင်ဆိုင်မှုအပေါ် ထိပါးလာမည့်ကိစ္စမှန်သမျှကို ပြင်းထန်စွာ လက်တုံ့ပြန်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။ ဂျပန်အစိုးရသည် ကလေးငယ်များအတွက်ထုတ်ပြန်သော စက္ကူဖြူစာတမ်းတွင် ယခုကဲ့သို့ဖော်ပြထားခြင်းဖြစ်ကြောင်း သိရသည်။ **Ref: YH**

# အိန္ဒိယနိုင်ငံက ရေတပ်သင်္ဘောကျင်းကို ပိုမိုတိုးချဲ့ရန် ဒေါ်လာသန်း ၅၀၀ ကျော်ရင်းနှီးမြှုပ်နှံသွားမည်

**နယူးဒေလီ၊ ပြည်တွင်းရေး**

အိန္ဒိယနိုင်ငံအနေဖြင့် နိုင်ငံပိုင်ရေတပ်သင်္ဘောကျင်းကို ပိုမိုတိုးချဲ့နိုင်ရေးအတွက် အမေရိကန်ဒေါ်လာသန်း ၅၀၀ ကျော်ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများ၏ပြောဆိုချက်ကိုကိုးကား၍ India Today သတင်းစာကဖော်ပြထားသည်။




နိုင်ငံပိုင်ရေတပ်သင်္ဘောကျင်းကုမ္ပဏီတစ်ခုဖြစ်သည့် Mazagon Dock Shipbuilders Limited (MDL) အနေဖြင့် နောက်ထပ်လွှန်းကျင်းနှစ်ခုကို တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ထိုလွှန်းကျင်းနှစ်ခုသည် စစ်သင်္ဘောကြီးများနှင့် ရေငုပ်သင်္ဘောများကိုတည်ဆောက်ခြင်းနှင့် ပြုပြင်ခြင်းလုပ်ငန်းများ တစ်ပြိုင်နက်တည်းဆောင်ရွက်နိုင်စေမည်ဖြစ်ကြောင်း သတင်းစာကဖော်ပြထားသည်။

ထို့ပြင် ယင်းကဲ့သို့ လွှန်းကျင်းများဖြင့် တိုးချဲ့ခြင်းသည် အိန္ဒိယရေတပ်၏တောင်းဆိုမှုမြင့်မားလာသော အဆင့်မြင့်စနစ်များနှင့်အညီဖြစ်စေမည်ဖြစ်သည့်အပြင် လက်ရှိတန်ချိန် ၄၀၀၀၀ သင်္ဘောများကို တည်ဆောက်နေရာမှ တန်ချိန် ၈၀၀၀၀ ရှိ သင်္ဘောများကို တည်ဆောက်မှုအတွက်လည်း ကူညီနိုင်စေမည်ဖြစ်ကြောင်း သိရသည်။ **Ref: RT**

# နာရီတိုင်ဖွန်းမုန်တိုင်း ဟော့ကိုင်းဒိုးကျွန်းကိုဖြတ်ကျော်ဝင်ရောက်

**တိုကျို၊ သဘာဝဘေး**

နာရီအမည်ရှိတိုင်ဖွန်းမုန်တိုင်းသည် ဇူလိုင်လ ၁၅ ရက် နံနက်အစောပိုင်းတွင် ဂျပန်နိုင်ငံရှိ ဟော့ကိုင်းဒိုးကျွန်းကိုဖြတ်ကျော်၍ ကုန်းတွင်းပိုင်းသို့ဝင်ရောက်လာပြီဖြစ်ကြောင်းနှင့် ထိုမုန်တိုင်းသည် ၂၀၁၆ ခုနှစ်နောက်ပိုင်းမှစ၍ ဂျပန်နိုင်ငံမြောက်ပိုင်းကုန်းတွင်းပိုင်းသို့ ပထမဆုံးဝင်ရောက်သောမုန်တိုင်းဖြစ်လာကြောင်းသိရသည်။

ယခုနှစ်တွင် ဂျပန်နိုင်ငံသို့ဝင်ရောက်တိုက်ခတ်သော ပဉ္စမမြောက်မုန်တိုင်းဖြစ်သည့် နာရီမုန်တိုင်းသည် ပြီးခဲ့သည့်သီတင်းပတ်အကုန်တွင် ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ချီချီဂျီးမားကျွန်းတောင်ဘက် ကီလိုမီတာ ၂၀၀ ဝန်းကျင်၌ စတင်ဖြစ်ပေါ်ခြင်းဖြစ်သည်။

မုန်တိုင်း၏အရှိန်ကြောင့် လေပြင်းများတိုက်ခတ်နိုင်သည့်အတွက် ပြည်သူများအနေဖြင့် သတိရှိရှိဖြင့်နေထိုင်ရန် မိုးလေဝသတာဝန်ရှိသူများက သတိပေးထားကြောင်း သိရသည်။ **Ref: Xinhua**

## သတင်းတိုကဏ္ဍ

### ဂျာခန်းနှင့်ဘီဟာပြည်နယ်တို့၌ မိုးကြိုးပစ်မှုများကြောင့် အနည်းဆုံးလူ ၂၁ ဦးသေဆုံး

အိန္ဒိယနိုင်ငံ အရှေ့ပိုင်းတွင်ရှိသော ဂျာခန်းနှင့်ဘီဟာပြည်နယ်တို့၌ ပြီးခဲ့သည့် ၄၈ နာရီအတွင်း မိုးကြိုးပစ်မှုများကြောင့် အနည်းဆုံးလူ ၂၁ ဦးသေဆုံးပြီး အများအပြားဒဏ်ရာရရှိကြောင်း တာဝန်ရှိသူများက ဇူလိုင်လ ၁၅ ရက်တွင်ထုတ်ပြန်ထားသည်။

မိုးကြိုးပစ်ခံရသူများအနက် အများစုသည် လယ်ကွင်းပြင်၌အလုပ်လုပ်နေသူများဖြစ်ကြောင်း၊ ယင်းသို့မိုးကြိုးပစ်မှုများကြောင့် ဂျာခန်းပြည်နယ်၌ လူ ၁၂ ဦးနှင့် ဘီဟာပြည်နယ်၌ လူကိုးဦးသေဆုံးခြင်းဖြစ်ကြောင်း တာဝန်ရှိသူများ၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

မိုးကြိုးပစ်မှုအများဆုံးဖြစ်ပွားသည့်ဒေသများမှာ ဂီရီဒီနှင့်ဒမ်ကာခရိုင်များဖြစ်ကြောင်း၊ ယင်းနောက်တွင် အနောက်ဆင်းဘမ်းခရိုင်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်။ ထို့ပြင် မိုးသက်မုန်တိုင်းများကျရောက်လာလျှင် ပြည်သူများအနေဖြင့် နေအိမ်၌သာနေထိုင်ကြရန်နှင့် သတိရှိကြရန် တာဝန်ရှိသူများကတိုက်တွန်းထားသည်ဟုသိရသည်။

**Ref: Xinhua**

### ပါကစ္စတန်နိုင်ငံတစ်ဝန်း မိုးသည်း၊ ရေကြီးမှုများကြောင့် လူပေါင်း ၁၁၁ ဦးသေဆုံး

ယခုနှစ်မုတ်သုံရာသီအတွင်း ပါကစ္စတန်နိုင်ငံတစ်ဝန်း၌ မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရေကြီးခြင်းတို့ကြောင့် လူပေါင်း ၁၁၁ ဦးသေဆုံးကြောင်းနှင့် ၂၂၂ ဦး ဒဏ်ရာရရှိကြောင်း အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့က ထုတ်ပြန်ထားသည်။

အဆိုပါသေဆုံးသူအရေအတွက်သည် ဇွန်လ ၂၆ ရက်မှ ဇူလိုင်လ ၁၄ ရက်အတွင်း ကောက်ခံရရှိသောစာရင်းဖြစ်ကြောင်းနှင့် ပြီးခဲ့သည့် ၄၈ နာရီအတွင်းမှာပင် လူခုနစ်ဦးသေဆုံးပြီး ၁၂ ဦးဒဏ်ရာရရှိကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

လူသေဆုံးမှုများအနက်နိုင်ငံအရှေ့ပိုင်းရှိ ပန်ဂျပ်ပြည်နယ်က သေဆုံးသူအယောက် ၄၀ ဖြင့်အများဆုံးဖြစ်ကြောင်း၊ ခိုင်ဘာပတ်တန်ခွာပြည်နယ်၌ သေဆုံးသူ ၃၇ ဦးရှိကြောင်း၊ ဆင်းပြည်နယ်၌ ၁၇ ဦး၊ ဘာလိုချီစတန်ပြည်နယ်၌ ၁၆ ဦးနှင့် ကက်ရှမီးယားဒေသ၌ တစ်ဦးသေဆုံးကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ထို့ပြင် လာမည့်ရက်ပိုင်းအတွင်း မိုးသည်းထန်စွာရွာသွန်းမှုများ ဆက်လက်ဖြစ်ပွားနိုင်ကြောင်း သိရသည်။ **Ref: Xinhua**

### ၂၀၃၀ ပြည့်နှစ်တွင် ဥရောပ၌ စစ်ပွဲကြီးဖြစ်ပွားနိုင်ဟု ပြင်သစ်ခန့်မှန်း

၂၀၃၀ ပြည့်နှစ်အရောက်တွင် ဥရောပဒေသ၌ စစ်ပွဲကြီးဖြစ်ပွားနိုင်ဖွယ်ရှိသည်ဟု ပြင်သစ်အစိုးရကခန့်မှန်းထားကြောင်း ကာကွယ်ရေးနှင့် အမျိုးသားလုံခြုံရေးအဖွဲ့ကထုတ်ပြန်ထားသည်။

ထို့ပြင် ပြင်သစ်နိုင်ငံအနေဖြင့် ဖြစ်ပေါ်လာနိုင်သည့်စစ်ပွဲကြီးကိုကြိုတင်မြော်တွေးသောအားဖြင့် စစ်အင်အားတိုးမြှင့်မှုများကိုလုပ်ရမည်သာမက စစ်ပွဲအတွက်ကြိုတင်ပြင်ဆင်မှုများကိုပါ လုပ်ဆောင်ထားရမည်ဖြစ်ကြောင်း အဆိုပါအဖွဲ့က မဟာဗျူဟာမြောက် အမျိုးသားရေးသုံးသပ်ချက်တွင် ဖော်ပြထားသည်။

ဥရောပသမဂ္ဂအနေဖြင့် မကြာသေးမီကာလများအတွင်း စစ်အင်အားတိုးချဲ့မှုများကိုလုပ်ဆောင်လာနေစဉ် ပြင်သစ်အစိုးရက ယခုကဲ့သို့သုံးသပ်လာခြင်းဖြစ်သည်။

ဥရောပသမဂ္ဂသည် ယူရိုဘီလီယံ ၈၀၀ တန်ဖိုးရှိသည့် ReArm Europe အစီအစဉ်ကိုလည်းကောင်း၊ ကာကွယ်ရေးအသုံးစရိတ်များတိုးမြှင့်သွားမည့်အစီအစဉ်ကိုလည်းကောင်းထုတ်ဖော်ပြောထားကြောင်း သိရသည်။ **Ref: RT**

### ကမ္ဘာ့အသက်အကြီးဆုံးမာရသွန်အပြေးသမား အသက် ၁၁၄ နှစ်တွင် ယာဉ်တိုက်မှုဖြင့်ကွယ်လွန်

ကမ္ဘာ့အသက်အကြီးဆုံးသောမာရသွန်အပြေးသမားဖြစ်သည့် အသက် ၁၁၄ နှစ်ရှိဖောဂျာဆင်းဆိုသူအဘိုးအိုသည် ယာဉ်တိုက်မှုဖြင့်ကွယ်လွန်သွားပြီဖြစ်ကြောင်း သိရသည်။

အိန္ဒိယနွယ်ဖွား ဗြိတိန်နိုင်ငံသားတစ်ဦးဖြစ်သည့် ဖောဂျာဆင်းသည် ပန်ဂျပ်ပြည်နယ် ဂျာလန်ဒါးခရိုင်၌ ဇူလိုင်လ ၁၄ ရက်တွင် ယာဉ်တစ်စီး၏ဝင်တိုက်ခြင်းကိုခံရပြီးနောက် ကွယ်လွန်ခြင်းဖြစ်သည်ဟု ဖောဂျာဆင်း၏အတ္ထုပ္ပတ္တိရေးသူကပြောသည်။

ဖောဂျာဆင်းကိုမွေးဖွားသည့်နှစ်နှင့်ပတ်သက်၍ မွေးစာရင်းမရှိသော်လည်း ၎င်း၏မိသားစုက ဖောဂျာဆင်းကို ၁၉၁၁ ခုနှစ် ဧပြီလ ၁ ရက်တွင်မွေးဖွားခြင်းဖြစ်သည်ဟုပြောထားသည်။ ဖောဂျာဆင်းသည် အသက် ၁၀၀ မတိုင်မီအထိ ၄၂ ကီလိုမီတာအကွာအဝေးရှိမာရသွန်ပြိုင်ပွဲများကိုဝင်ရောက်ယှဉ်ပြိုင်ခဲ့သူဖြစ်ကြောင်း သိရသည်။

**Ref: BP**

# ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၅**

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်၁၈ နှစ်အောက်အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များကို ဇူလိုင်လ ၁၁ ရက်မှ ၁၈ ရက်အထိ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဇုန်လေးဇုန်ခွဲ၍ ကျင်းပလျက်ရှိသည်။

ယနေ့မွန်းလွဲ ၃ နာရီမှစတင်၍ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့အားကစားဥယျာဉ်ကွင်းတွင် ချင်းပြည်နယ်အသင်းနှင့် ကယားပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကယားပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို ခုနစ်ဂိုး၊ တစ်ဂိုးဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်းတွင် ရခိုင်ပြည်နယ်အသင်းနှင့်ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို ကိုးဂိုး၊ ဂိုးမရှိဖြင့်လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်အားကစားကွင်းတွင် မွန်ပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မွန်ပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ရှမ်းပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက် တစ်ဂိုးစီ သရေရလဒ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

သက်ဆိုင်ရာဇုန်များအလိုက်အားကစားကွင်းအသီးသီးတွင် အသင်းများ၏အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့မှုများကို တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များမှ ဝန်ကြီးချုပ်များ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်တာဝန်ရှိပုဂ္ဂိုလ်များ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ပြိုင်ပွဲကျင်းပရေးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်ဘောလုံးအားကစားဝါသနာရှင် ပွဲကြည့်ပရိသတ်များက တစ်ခဲနက် လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။



၂၀၂၅ ခုနှစ် ဇူလိုင်လ ၁၆ ရက်တွင် ပြိုင်ပွဲတစ်ရက်နားမည်ဖြစ်ပြီး ၁၇ ရက် မွန်းလွဲ ၃ နာရီမှစတင်၍ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့အားကစားဥယျာဉ်ကွင်းတွင် ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ကယားပြည်နယ်အသင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်းတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်အားကစားကွင်းတွင် ကရင်ပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားကြမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ပါကြောင်းနှင့် အမျိုးသားဘောလုံးပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ရန်ကုန်မြို့ရှိ အားကစားကွင်းများတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မြဝတီ**

# မိုးညှင်းနှင့်လားရှိုးမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ





ဖမ်းဆီးရမိသူများအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူတွေ့ရစဉ်။

**နေပြည်တော် ဇူလိုင် ၁၅**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့ သည် ဇူလိုင်လ ၁၂ ရက် နံနက် ၁၀ နာရီခွဲတွင် သတင်းအရ မိုးညှင်းမြို့နယ်၊ ပင်လုံကျေးရွာအုပ်စု၊ နန့်စီးအောင်ကျေးရွာအနီးတွင် ကျော်မင်းထက်မောင်းနှင်ပြီး မလှဦးလိုက်ပါလာသော မော်တော်ဆိုင်ကယ်ကို စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၃၀ ကီလို (တစ်ကီလိုလျှင် ငွေကျပ် ၁၂ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၃၆၀) ဖမ်းဆီးရမိခဲ့ပြီး အလားတူ ယင်းနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် အဆိုပါနေရာ၌ မန္တလေးမြို့ဘက်မှမြစ်ကြီးနားမြို့ဘက်သို့မောင်းနှင်လာသော ခရီးသည်တင်ယာဉ်စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၂၂ ဒသမ ၅ ကီလို(တစ်ကီလိုလျှင် ငွေကျပ် ၁၂ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၂၇၀)နှင့် ဘိန်းဆီခဲ ၁၅ ကီလို (တစ်ကီလိုလျှင် ငွေကျပ် ၁၄ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၂၁၀၊ စုစုပေါင်းဒေသတန်ဖိုး သိန်း ၄၈၀)တို့ကို လည်းကောင်း၊ ဇူလိုင်လ ၁၃ ရက် နံနက် ၁၀ နာရီခွဲတွင် သတင်းအရ လားရှိုးမြို့ အဝင်ရေပူစမ်းလမ်းဆုံအနီးတွင် လားရှိုးမြို့မှ မူဆယ်မြို့ဘက်သို့ ယုံလင်မောင်းနှင်လာသော SHN-38 5Q-xxxx BYD-F3 အမျိုးအစား မော်တော်ယာဉ်အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၈၀၀၀ (တစ်ပြားလျှင် ၅၀၀ ကျပ်နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၃၉၀) ဖမ်းဆီးရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(ရဲပြန်ကြား)**

# စစ်ကိုင်းနှင့် ချမ်းမြသာစည်မြို့နယ်တို့တွင် ငွေကျပ် ၂၀ ဒသမ ၂၂၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၉ သန်းကျော်နှင့် ဘိန်းဖြူ ၂၂ ကီလို ဖမ်းဆီးရမိ



တရားခံ ဟန်ဌေး၊ ကျော်မင်းထွန်း၊ ကျော်ထက်အောင်နှင့် ဟိန်းမင်းလတ်တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။



တရားခံ ရွှန်လေ့ကျိုး၊ ဇန်ကျဲအိုမန်းတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဇူလိုင် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နှင့် မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်တို့၌ ဇူလိုင်လ ၇ ရက်နှင့် ၈ ရက်တို့တွင် ငွေကျပ် ၂၀ ဒသမ ၂၂၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၉ သန်းကျော်နှင့် ဘိန်းဖြူ ၂၂ ကီလိုတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရှိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ နီလာရပ်ကွက်၊ ခရိုင်ချင်းဆက်လမ်းအနီး၌ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရစောင့်ဆိုင်းစဉ် ဇူလိုင်လ ၇ ရက်နေ့ ည ၆ နာရီ မိနစ် ၃၀ ခန့်တွင် ကျော်မင်းထွန်း မောင်းနှင်ပြီး ကျော်ထက်အောင် လိုက်ပါလာသော HYUNDAI STAREX မော်တော်ယာဉ်နှင့် ဟန်ဌေး မောင်းနှင်သည့် HYUNDAI STAREX မော်တော်ယာဉ်တို့အား စစ်ဆေးရှာဖွေရာ အဆိုပါယာဉ် ၂ စီးပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၅ ဒသမ ၂၅ သန်းနှင့် ဘိန်းဖြူ ၂၂ ကီလိုဖမ်းဆီးရမိခဲ့ပြီး ဖော်ထုတ်ချက်များအရ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများကို သယ်ဆောင်ခိုင်းသူ ဟိန်းမင်းလတ်အား ဇူလိုင်လ ၈ ရက်နေ့ နံနက် ၈ နာရီခန့်တွင် ကျောက်ဆည်မြို့၊ မင်းရပ်ရပ်ကွက်၊ မြို့ရှောင်လမ်းပေါ်ရှိ တည်းခိုခန်း၌ FORD RANGER မော်တော်ယာဉ် ၁ စီးနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ထပ်မံဖော်ထုတ်ချက်များအရ မန္တလေးမှ ကလေးသို့ မူးယစ်ဆေးဝါးများ သယ်ဆောင်ရောင်းဝယ်သူများဖြစ်သည့် ဇန်ကျဲအိုမန်းနှင့် ရွှန်လေ့ကျိုးတို့အား ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ ၁၁၁ အိုင်လမ်းရှိ နေအိမ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၄ သန်း၊ မူးယစ်ဆေးဝါးသယ်ဆောင်ရာတွင်အသုံးပြုသည့် ဆီဘောက်ဆာယာဉ် ၂ စီး၊ TOYOTA HILUX SURF မော်တော်ယာဉ် ၁ စီးတို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၉ ဒသမ ၂၅ သန်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉ ဒသမ ၁၂၅ ဘီလီယံ)နှင့် ဘိန်းဖြူ ၂၂ ကီလို(ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၁ ဘီလီယံ) တို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

အဆိုပါ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသူများအား တရားဥပဒေနှင့်အညီ အရေးယူထားရှိပြီး ၎င်းတို့၏မူးယစ်ဆေးဝါး သယ်ဆောင် ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စက်တင်ဘာလအတွင်း တက္ကသိုလ်များစာမေးပွဲဖြေဆိုရာတွင် အမှားအယွင်းမရှိစေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရမည်



နေပြည်တော် ဇူလိုင် ၁၅

ကျောင်းသား၊ ကျောင်းသူများ ကျောင်းနေပျော်၍ စာတော်ပြီး တိုင်းပြည်ချစ်စိတ်ရှိအောင်၊ လိမ္မာယဉ်ကျေးမှုရှိအောင် သင်ကြားလေ့ကျင့်ပေးရေး ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ယမန်နေ့ နံနက်ပိုင်းက တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးများနှင့် အွန်လိုင်းဖြင့်တွေ့ဆုံစဉ် ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပြောကြားရာတွင် တက္ကသိုလ်များတွင် အထူးပြုဘာသာရပ် အသီးသီးမှ စတုတ္ထနှစ်နှင့်ပဥ္စမနှစ် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် Project များကို မဖြစ်မနေ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တက္ကသိုလ်များရှိ သိပ္ပံဌာနများတွင် လက်တွေ့ခန်းသုံးပစ္စည်းများ၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို သတ်မှတ်ချက်များအတိုင်း စနစ်တကျ အကျိုးရှိထိရောက်စွာအသုံးပြုကြရန်လိုအပ်ကြောင်း၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများအနေဖြင့်ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများတွင် Green Card ရှိသော ဆရာ၊ ဆရာမများကိုသာခန့်ထားခြင်းနှင့် ဥပဒေတွင်ပါရှိသည့် ညွှန်ကြားချက်များအတိုင်း လိုက်နာမှုရှိစေရေး ကြီးကြပ်ဆောင်ရွက်ကြစေလိုကြောင်း၊ စက်တင်ဘာလအတွင်း တက္ကသိုလ်များ စာမေးပွဲဖြေဆိုရာတွင် အမှားအယွင်းမရှိစေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က အခြေခံပညာကျောင်းများနှင့်ပုဂ္ဂလိကကျောင်းများတွင် နိုင်ငံတော်အလံအလေးပြုခြင်းကို မဖြစ်မနေဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုစဉ်အတွင်း ပိတ်ထားသည့်ကျောင်းများ အစားထိုးဖွင့်လှစ်ခြင်းများ ဆောင်ရွက်ရန် လိုအပ်ကြောင်းဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လျှော်ကားသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံအား ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇူလိုင် ၁၅

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ၂၃၀ ကေဗွီ လျှော်ကားပင်မဓာတ်အားခွဲရုံနှင့် လျှော်ကားသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ၂၃၀ ကေဗွီ လျှော်ကားပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိရာ Switch Yard အတွင်းတွင် တာဝန်ရှိသူများက ၂၃၀ ကေဗွီ လျှော်ကား-ဝါးတရာ Double Circuit လိုင်းအသစ်ချိတ်ဆက်ဆောင်ရွက်ရမည့်အခြေအနေများ၊ ၂၃၀ ကေဗွီ လျှော်ကား-ကမာနတ်ဓာတ်အားလိုင်းကို Switch Bay ပြောင်းလဲချိတ်ဆက် ဆောင်ရွက်ရမည့်အခြေအနေများကိုရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက ဓာတ်အားခွဲရုံများမှ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးရာတွင်ဗို့အားတည်ငြိမ်ပြည့်ဝစွာ စဉ်ဆက်မပြတ် ဓာတ်အားပို့လွှတ်နိုင်ရေး၊ ဓာတ်အားလိုင်း ချိတ်ဆက်ဆောင်ရွက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်ချိန်အတွင်း အန္တရာယ်ကင်းရှင်းစွာ စနစ်တကျဆောင်ရွက်သွားနိုင်ရေး မှာကြားသည်။

ထို့နောက် လျှော်ကားသဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံသို့ရောက်ရှိပြီး ဒုတိယဝန်ကြီးက သဘာဝဓာတ်ငွေ့ရရှိမှုအပေါ်မူတည်၍ ဓာတ်အားထုတ်လုပ်ပေးရာတွင် ထိရောက်စွာ ထုတ်လုပ်ပေးနိုင်ရေး အလေးထားဆောင်ရွက်သွားရန်မှာကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး ဓာတ်အားထုတ်လုပ်ထိန်းချုပ်ခန်းအတွင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ





**ပျောက်ဆုံးကြောင်း**
အေးအေးမိုး(ဘ)ဦးတိုးထွန်း ၁၂/သကတ(နိုင်)၁၅၈၀၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၀၅၂၀၉၅

**ပျောက်ဆုံးကြောင်း**
ညီညီဆွေ(ဘ)ဦးချစ်ဆွေ ၁၂/ကမရ(နိုင်)၀၅၂၉၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၃၀၅၄၈၉၆

**ပျောက်ဆုံးကြောင်း**
နီနီ(ဘ)ဦးနေဝင်း ၃/ကကရ(နိုင်)၂၀၁၃၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၃၂၂၃၈၇၉

**ပျောက်ဆုံးကြောင်း**
လှဲ့ယဉ်ဦး(ဘ)ဦးမြင့်နိုင် ၁၄/ဟသတ(နိုင်)၃၂၄၅၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၀၂၄၅၈၈၉

**ပျောက်ဆုံးကြောင်း**
ထားထားအေး(ဘ)ဦးကျင်သိန်း ၁၄/ရကန(နိုင်)၀၆၉၂၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၁၆၀၄၃၂၆

**ပျောက်ဆုံးကြောင်း**
ဇော်အောင်(ဘ)ဦးကြည် ၉/မလန(နိုင်)၁၀၂၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၁၁၆၄၄၃

**ပျောက်ဆုံးကြောင်း**
လှိုင်နှင်းဝေ(ဘ)ဦးအေးမင်းဇော် ၁၄/မအပ(နိုင်)၃၅၅၆၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၉၆၉၇၀၅၉

**ပျောက်ဆုံးကြောင်း**
ဝင်းနိုင်(ဘ)ဦးအုံးမောင် ၁၂/ဥကတ(နိုင်)၁၀၁၂၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၁၀၂၆၅၇၇

**ပျောက်ဆုံးကြောင်း**
ကျော်ကျော်(ဘ)ဦးမောင်ကြီး ၁၂/ဗဟန(နိုင်)၀၂၀၄၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၃၅၉၈၈၆၀

**ပျောက်ဆုံးကြောင်း**
လီယုတင်(ဘ)ဦးစီနန်၄/မတပ(နိုင်)၀၄၉၀၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၂၄၁၄၇၃၆

**ပျောက်ဆုံးကြောင်း**
သက်ဝေလွင်(ဘ)ဦးအေးလွင် ၁၀/ကထန(နိုင်)၁၉၁၇၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၄၉၈၅၁၁၇

**ပျောက်ဆုံးကြောင်း**
ဝင်းကြိုင်(ဘ)ဦးရွှေငို ၁၂/ကမတ(နိုင်)၀၂၇၂၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၄၁၅၀၄၅၇၀

**ပျောက်ဆုံးကြောင်း**
ဇော်ထွန်း(ဘ)ဦးထွန်းရွှေ ၁၂/သဃက(နိုင်)၀၂၆၀၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၆၄၆၆၈၇၇

**ပျောက်ဆုံးကြောင်း**
ဆုသန့်ထက်(ဘ)ဦးမြင့်စိုး ၁၂/တမန(နိုင်)၁၃၄၆၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၃၀၈၂၉၈၃

**ပျောက်ဆုံးကြောင်း**
ဖြူသင်းစိုး(ဘ)ဦးမောင်မောင်စိုး ၁၂/ဒဂတ(နိုင်)၀၈၈၅၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၆၃၇၂၆၉၇

**ပျောက်ဆုံးကြောင်း**
ပြည့်စုံရှင်(ဘ)ဦးတက်တိုးရှင် ၁၂/ကမတ(နိုင်)၀၇၀၉၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၃၀၀၃၆၃၄

**ပျောက်ဆုံးကြောင်း**
ရွှေနန်း(ဘ)ဦးထာကျူး ၄/မတပ(နိုင်)၀၅၄၇၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၉၅၀၀၈၇၇၁

**ပျောက်ဆုံးကြောင်း**
သိန်းအောင်(ဘ)ဦးကျော်သိန်း ၁၂/လသန(နိုင်)၀၀၉၁၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၀၀၇၆၁၇

**ပျောက်ဆုံးကြောင်း**
သက်ဝေလွင်(ဘ)ဦးသိန်းလွင် ၁၂/မရက(နိုင်)၁၀၈၄၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
သင်းလဲ့ကြည်(ဘ)ဦးဉာဏ်တင် ၈/မမန(နိုင်)၁၅၁၁၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၉၈၁၅၀၉၂

**ပျောက်ဆုံးကြောင်း**
ထွန်းထွန်းဝင်း(ဘ)ဦးအီရွှတ် ၇/မလန(နိုင်)၀၆၃၅၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 915032)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
နှင်းဝတ်ရည်ထွဋ်(ဘ)ဦးသက်ဝင်းထွဋ် ၅/မရန(နိုင်)၃၂၇၁၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 300290)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၃၈၀၄၆၆၀

**ပျောက်ဆုံးကြောင်း**
ချောစုဝင်း(ဘ)ဦးစိုးဝင်း ၁၂/ရပသ(နိုင်)၀၃၉၉၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
သော်တာဦး(ဘ)ဦးတင့်လွင် ၈/ပခက(နိုင်)၂၀၇၆၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

# ပြိုင်ဘက်အသင်းကစားသမားကို ကိုယ်ထိလက်ရောက်ကျူးလွန်ခဲ့သည့် နည်းပြအင်းနရစ် ပွဲပယ်ပြစ်ဒဏ်ကျခံရဖွယ်ရှိ




ပါရီ ဇူလိုင် ၁၅

၂၀၂၅ ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ချယ်လ်ဆီးအသင်းနှင့် ပီအက်စ်ဂျီအသင်းတို့ကစားသည့်ပွဲတွင် ပြိုင်ဘက်အသင်းကစားသမားကို ကိုယ်ထိလက်ရောက်ကျူးလွန်ခဲ့သည့် ပီအက်စ်ဂျီအသင်းနည်းပြ အင်းနရစ်အနေဖြင့် ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံရဖွယ်ရှိကြောင်း သိရသည်။

အဆိုပါပွဲအပြီးတွင် နှစ်ဖက်အသင်းကစားသမားများနှင့် နည်းပြအဖွဲ့ဝင်များကြား ကွင်းအတွင်းအချင်းများမှုများဖြစ်ပွားခဲ့ပြီး အချင်းများမှုဖြစ်ပွားချိန်တွင် ပီအက်စ်ဂျီအသင်းနည်းပြ အင်းနရစ်က ချယ်လ်ဆီးအသင်းတိုက်စစ်ကစားသမား ဂျာအိုပက်ဒရို၏ ပါးကိုရိုက်ခဲ့ပြီး ကိုယ်ထိလက်ရောက်ကျူးလွန်ခဲ့ခြင်းဖြစ်သည်။

အဆိုပါဖြစ်ရပ်အတွက် နည်းပြအင်းနရစ်က မိမိအနေဖြင့် ပြိုင်ဘက်အသင်းကစားသမားများကို တိုက်ခိုက်လိုခြင်းမရှိဘဲ ကစားသမားများ အချင်းများမှု ပိုမိုမဆိုးရွားစေရန် ကြားမှဖျန်ဖြေပေးရန် ကြိုးစားခြင်းသာဖြစ်သည်ဟု ပြောကြားထားသည်။

သို့သော် အင်တာနက်စာမျက်နှာများထက်၌ ဗီဒီယိုဖိုင်ပျံ့နှံ့မှုများတွင် နည်းပြအင်းနရစ်အနေဖြင့် ပြိုင်ဘက်အသင်းကစားသမား ဂျာအိုပက်ဒရို၏ပါးကို လက်ဖြင့်ရိုက်ခဲ့သည့်အတွက် ဂျာအိုပက်ဒရိုအနေဖြင့် လဲကျခဲ့သည်မှာ ရုပ်သံအနေးပြကွက်များတွင် သိသိသာသာမြင်တွေ့ခဲ့ရပြီး နည်းပြအင်းနရစ်အနေဖြင့်လည်း ဝေဖန်မှုများနှင့်ရင်ဆိုင်နေရသည့်အပြင် ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံရမည့်အရေးနှင့်ပါ တွေ့ကြုံနေရကြောင်း သိရသည်။ *Ref;Goal.com*

---

# လီဗာပူးအသင်းက ခရစ္စတယ်ပဲလေ့စ်အသင်းခံစစ်ကစားသမား ဂူအီအပြင် တိုက်စစ်ကစားသမား မာတီတာကိုပါ ခေါ်ယူရန် ဆွေးနွေးမှုများလုပ်ဆောင်နေ

လန်ဒန် ဇူလိုင် ၁၅

လီဗာပူးအသင်းက ခရစ္စတယ်ပဲလေ့စ်အသင်းမှ ခံစစ်ကစားသမား ဂူအီအပြင် တိုက်စစ်ကစားသမား မာတီတာကိုပါ ခေါ်ယူရန် ဆွေးနွေးမှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ယခုဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့် လီဗာပူးအသင်းသည် လာမည့်ဘောလုံးရာသီတွင် ချန်ပီယံဆုစိန်ခေါ်နိုင်ရန် လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် ကစားသမားသစ်များခေါ်ယူကာ အင်အားဖြည့်တင်းမှုများလုပ်ဆောင်လျက်ရှိပြီး လက်ရှိတွင် ဖလိုရီယန်ဝက်၊ ဖရန်ပေါင်တို့ကို ခေါ်ယူထားပြီးဖြစ်သော်လည်း နောက်ထပ်ကစားသမားသစ်များခေါ်ယူရန် ပြင်ဆင်နေခြင်းဖြစ်သည်။

လီဗာပူးအသင်းက အသင်းခံစစ်ပိုင်းအတွက် ခရစ္စတယ်ပဲလေ့စ်အသင်းမှ ဂူအီကို ခေါ်ယူရန် နှစ်ကြိမ်ကမ်းလှမ်းထားပြီး နောက်ဆုံးအကြိမ်အဖြစ် စတာလင်ပေါင် သန်း ၄၀ ပေး၍ ကမ်းလှမ်းမှုလုပ်ဆောင်ထားကာ ဂူအီအပြင် တိုက်စစ်ကစားသမား မာတီတာကိုလည်း ခေါ်ယူရန် ဆွေးနွေးမှုများ လုပ်ဆောင်နေခြင်းဖြစ်သည်။

တိုက်စစ်ကစားသမား မာတီတာသည် ပြီးခဲ့သည့် ဘောလုံးရာသီက ခရစ္စတယ်ပဲလေ့စ်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ပြီးနောက် လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် ထိပ်တန်းအသင်းကြီးအများစုကခေါ်ယူရန်စီစဉ်နေပြီး လက်ရှိတွင် လီဗာပူးအသင်းက တခြားအသင်းများထက် လက်ဦးမှုရယူနိုင်ရန် စတင်ကြိုးပမ်းနေခြင်းဖြစ်သည်။

လီဗာပူးအသင်းက တိုက်စစ်ပိုင်းအတွက် နယူးကာဆယ်အသင်းမှ အီဆက်ကိုခေါ်ယူရန် ကြိုးပမ်းခဲ့သော်လည်း မြင့်မားသည့်ပြောင်းရွှေ့ကြေးတစ်ရပ်ကြောင့် ခေါ်ယူနိုင်ရန်ခက်ခဲနေသဖြင့် လက်ရှိတွင် မာတီတာကိုခေါ်ယူရန် ဆွေးနွေးမှုများလုပ်ဆောင်နေကြောင်း သိရသည်။

*Ref;Fabrizio Romano*

---

# ပြိုင်ပွဲတိုင်းတွင် ချန်ပီယံဆုဆွတ်ခူးနိုင်သည့် ပထမဆုံးအသင်းစံချိန်အပါအဝင် စံချိန်မှတ်တမ်းများကို ချယ်လ်ဆီးအသင်းပိုင်ဆိုင်ထား



လန်ဒန် ဇူလိုင် ၁၅

ချယ်လ်ဆီးအသင်းသည် ၂၀၂၅ ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ပြီးနောက် ပြိုင်ပွဲတိုင်းတွင် ချန်ပီယံဆုဆွတ်ခူးနိုင်သည့် ပထမဆုံးအသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည့်အပြင် တခြားစံချိန်မှတ်တမ်းများကိုလည်း ပိုင်ဆိုင်ထားကြောင်း သိရသည်။

ချယ်လ်ဆီးအသင်းသည် ၂၀၂၅ ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲမစတင်မီက ချန်ပီယံဆုဆွတ်ခူးနိုင်ရန် ရေပန်းစားသည့်အသင်းများတွင် မပါဝင်ခဲ့သော်လည်း အကောင်းဆုံးပုံစံဖြင့် အဆင့်ဆင့်ကျော်ဖြတ်ပြီး ဗိုလ်လုပွဲတွင်လည်း ချန်ပီယံဆုဆွတ်ခူးနိုင်ရန် ရေပန်းစားနေသည့် ပီအက်စ်ဂျီအသင်းကို ၃ ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲ ယခင်ပြိုင်ပွဲဟောင်းတွင်လည်း ချန်ပီယံဆုဆွတ်ခူးနိုင်သကဲ့သို့ ယခုနှစ်တွင် အသစ်ကျင်းပခဲ့သည့် ပြိုင်ပွဲတွင်လည်း ချန်ပီယံဆုဆွတ်ခူးနိုင်ပြီးနောက် အသစ်၊ အဟောင်းပြိုင်ပွဲနှစ်ရပ်စလုံးတွင် ပထမဆုံးချန်ပီယံဆုဆွတ်ခူးနိုင်သည့် ပထမဆုံးအသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် ၎င်းတို့အသင်းပါဝင်ယှဉ်ပြိုင်ခဲ့သည့် ပြိုင်ပွဲများဖြစ်သော ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲ၊ ချန်ပီယံလိဂ်ပြိုင်ပွဲ၊ ယူရိုပါလိဂ်ပြိုင်ပွဲ၊ ယူရိုပါကွန်ဖရင့်လိဂ်ပြိုင်ပွဲ၊ ပရီးမီးယားလိဂ်ပြိုင်ပွဲ၊ အက်ဖ်အေဖလားပြိုင်ပွဲနှင့် ကာရာဘောင်းဖလားပြိုင်ပွဲ စသည့် အဓိကပြိုင်ပွဲအားလုံးတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့် ပထမဆုံးအသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ပြီး ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် နှစ်ကြိမ်ဆွတ်ခူးနိုင်သည့် ပထမဆုံးအသင်းအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည့်အပြင် ဥရောပအဆင့်ပြိုင်ပွဲအားလုံးတွင်လည်း ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့် ပထမဆုံးကလပ်အသင်းတစ်သင်းအဖြစ် မှတ်တမ်းဝင်ထားသည့်အတွက် ချယ်လ်ဆီးအသင်း၏မှတ်တမ်းကို တခြားအသင်းများ လိုက်မီနိုင်ရန် ခက်ခဲဖွယ်ရှိသည်။

ချယ်လ်ဆီးအသင်းသည် ၂၀၂၅ ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့်အတွက် ဆုကြေးစုစုပေါင်း စတာလင်ပေါင် ၈၄ သန်း ရရှိပြီး ပီအက်စ်ဂျီအသင်းက ၇၈ ဒသမ ၄ သန်း ရရှိခဲ့ကြောင်း သိရသည်။ *Ref;Bleacher Football*

---

# အေစီမီလန်အသင်းတွင် ကွင်းလယ်ကစားသမား လူကာမိုဒရစ် ကျောနံပါတ်(၁၄) ဝတ်ဆင်ကစားမည်

မီလန် ဇူလိုင် ၁၅


လက်ရှိ ကစားသမားအပြောင်းအရွှေ့ကာလတွင် ရီးယဲလ်မက်ဒရစ်အသင်းမှ အေစီမီလန်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သည့် ဝါရင့်ကွင်းလယ်ကစားသမား လူကာမိုဒရစ်သည် အေစီမီလန်အသင်းတွင် ကျောနံပါတ်(၁၄)ကို ဝတ်ဆင်ကစားမည်ဖြစ်ကြောင်း သိရသည်။

အသက် ၃၉ နှစ်အရွယ် လူကာမိုဒရစ်သည် ၂၀၁၂ ခုနှစ်က စပါးအသင်းမှ ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီးအသင်းနှင့်အတူ ဆယ်စုနှစ်တစ်ခုကျော်ကြာကစားခဲ့ကာ အသင်းနှင့်ဆုဖလားများစွာဆွတ်ခူးနိုင်ခဲ့သည့်အပြင် တစ်ဦးချင်းဆုအများအပြားကိုလည်း ဆွတ်ခူးနိုင်ခဲ့သည်။ လူကာမိုဒရစ်သည် ယခုဘောလုံးရာသီအကုန်တွင် ရီးယဲလ်မက်ဒရစ်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးပြီးနောက် အေစီမီလန်အသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် တစ်နှစ်စာချုပ်အပြင် တစ်နှစ်ထပ်မံသက်တမ်းတိုးခွင့်ဖြင့် ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

လူကာမိုဒရစ်သည် ရီးယဲလ်မက်ဒရစ်အသင်းတွင် ကျောနံပါတ်(၁၀)ကို ဝတ်ဆင်ကစားခဲ့သော်လည်း အေစီမီလန်အသင်းတွင် ကျောနံပါတ် (၁၄)ကို ဝတ်ဆင်ကစားမည်ဖြစ်သည်။


*Ref;Fotmob*

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ



သီလဝါ ဆိပ်ကမ်း၌ ဖမ်းဆီး ရမိမှု။





ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖမ်းဆီးရမိမှု။

နေပြည်တော် ဇူလိုင် ၁၅

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိသည်။

**ဇူလိုင်လ ၁၁ ရက်**တွင် သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ(၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၄၈၄၇၀၅)ကိုလည်းကောင်း၊ **ဇူလိုင်လ ၁၂ ရက်**တွင်ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ MAI Airlines လေယာဉ်ခရီးစဉ်အမှတ် 8M–232/ SF – 6582 ဖြင့် စင်ကာပူနိုင်ငံမှ မြန်မာနိုင်ငံသို့ လိုက်ပါလာသည့်မြန်မာနိုင်ငံသားခရီးသည်တစ်ဦး၏ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀)ကိုလည်းကောင်း၊ **ဇူလိုင်လ ၁၄ ရက်**တွင် အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ(၂၀)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၇၅၈၂၀၀၀)ကိုလည်းကောင်း၊ ရန်ကုန် အပြည်ပြည် ဆိုင်ရာလေဆိပ်၊ လေဆိပ်(ကုန်လှောင်ရုံ)၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့်လုပ်ငန်းသုံးပစ္စည်း(၁၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ်၄၇၃၉၆၀၀)ကိုလည်းကောင်း၊ ရန်ကုန်-ပဲခူးလမ်းဟောင်း၊ပဲခူးတိုးဂိတ်အနီး၌ မြဝတီမြို့မှရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၈၆၃၈၂၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၁၄၇၀၁၂၅)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဇူလိုင်လ ၁၄ ရက်**တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီကုန်သွယ်ရေးဇုန်အနီးရှိ ဂိုဒေါင်(၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့၊ အေးရိပ်ငြိမ်ရပ်ကွက်၊ ဗိုလ်ရွဲလမ်း၊ အင်ဂျင်ဝိုင်စက်ရုံဟောင်းအနီး၌ စုပုံထားသော အကောက်ခွန်မဲ့လုပ်ငန်းသုံးပစ္စည်း(၄)မျိုး **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၁၁၀၀၀၀)**ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဇူလိုင်လ ၁၄ ရက်**တွင်ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ်(၁၁)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၅၀)စီးဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇူလိုင်လ ၁၁ ရက်၊ ၁၂ ရက်နှင့် ၁၄ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၁၀)မှု (ခန့်မှန်းတန်ဖိုးငွေကျပ်၈၁၆၅၈၀၁၂၅)**ကိုဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုးပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသိရသည်။

မြဝတီ

# အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ဗီယက်နမ်နိုင်ငံသား(၄၆)ဦး ထပ်မံလွှဲပြောင်းပေးအပ်


မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ဗီယက်နမ်နိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံသို့လွှဲပြောင်းပေးအပ်စဉ်။

နေပြည်တော် ဇူလိုင် ၁၅

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ဗီယက်နမ်နိုင်ငံသား ၄၆ ဦးအား မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

ပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကရင်ပြည်နယ်၊ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့်တာဝန်ရှိသူများက ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များနှင့်တွေ့ဆုံ၍ပြည်ပနိုင်ငံသားများအား ပြည်နှင့်လွှဲပြောင်းပေးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကိုဆက်လက်ကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကရင်ပြည်နယ်၊ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံရုံးမှ First Secretary Mr. Hoang Minh Hai နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ၊ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှတာဝန်ရှိသူများထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ ဇူလိုင်လ ၁၅ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၂၂၄ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၀၅၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၆၉ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်း/လုပ်ငန်းအမည် |
|---|---|---|
| ၁ | ၂၁၂/မမ/CE | **(1"x1$^{1/2}$")အရွယ်(စက်ခွဲ)လမ်းခင်းကျောက်(၈၃၇၄)ကျင်းဝယ်ယူရန်**<br>(ရေနီ=၁၅၀၀ကျင်း၊ တောင်ငူ=၅၀၀ကျင်း၊ တပ်ကုန်း=၁၈၇၄ကျင်း၊ ဇင်းကျိုက်=၁၅၀၀ကျင်း၊ ပုသိမ်=၂၀၀၀ကျင်း၊ အင်တောကျယ်=၁၀၀၀ကျင်း(ဘူတာ/ကျောက်စုပုံကွင်း)အရောက်<br>**(6"x9")ကျောက်ကြီး(၁၅၈၈)ကျင်းဝယ်ယူရန်**<br>ရေနီ=၃၀၀ကျင်း၊ သောင်းတိုင်ကုန်း=၂၀၀ကျင်း၊ ဇင်းကျိုက်=၅၀၀ကျင်း၊ ပုသိမ်=၅၈၈ကျင်း(ဘူတာ/ကျောက်စုပုံကွင်း)အရောက် |
| ၂ | ၂၁၃/မမ/CE | 50 N Fish Plate(376)Pairs နှင့် 50 N Bolt & Nut with Washer (1504)Nos ဝယ်ယူရန် |
| ၃ | ၂၁၄/မမ/CE | 75 Lb Point & Crossing (1:8$^{1/2}$)(20)Sets ဝယ်ယူရန် |
| ၄ | ၂၁၅/မမ/CE | FFU Synthetic Sleeper ဆိုဒ်စုံ(၆)မျိုး (600)Nos ဝယ်ယူရန် |
| ၅ | ၂၁၆/မမ/CE | **ရန်ကုန်-မန္တလေးရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်း**<br>ပဲခူး-ညောင်လေးပင်လမ်းပိုင်းတွင်(ဘုရားကြီးပျဉ်ပုံကြီး၊ ကဒုတ်၊ ဖောင်တော်သီအိမ်ခြေလေးဆယ်၊ ဒိုက်ဦး၊ ပြွန်တန်ဆာ၊ ညောင်လေးပင်)(၂)ခန်းတွဲ ဝန်ထမ်းနေအိမ်(၈)လုံးတည်ဆောက်ခြင်း (၄၄'x၃၂')၊ RC Structure Brick Walling, ကွန်ကရစ်ကြမ်းခင်း၊ 4 Angle အမိုး(ရေ မီး၊ မိလ္လာအပါအဝင်) |
| ၆ | ၂၁၇/မမ/CE | ဒါးပိန်-အင်းတိုင်ရထားလမ်းပြုပြင်ခြင်းလုပ်ငန်းတွင် တံတားအမှတ်(၂၈)၅/၄၀'တံတားအသစ်တည်ဆောက်ခြင်းလုပ်ငန်း |

တင်ဒါပိတ်မည့်နေ့/အချိန် - (၃၀-၇-၂၀၂၅)နေ့လယ်(၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၁၆-၇-၂၀၂၅)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့မေးမြန်းနိုင်ပါသည်။

**ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း 294352, 291994**

### တစ်ဦးတည်းဖြစ်ပါကြောင်း
နေပြည်တော်၊ ပညာပန်းတိုင်ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 သင်ဆဲမှ မအိမြတ်ဖူးခိုင် ၉/ဇယသ(နိုင်)၀၂၆၂၄၅ ၏မိခင် ဒေါ်နိုဘယ်နှင့် ဒေါ်နန်းအိဇာဇာဝင်း ၂/လကန(နိုင်)၀၅၂၈၃၄ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
ဖုန်း-၀၉-၆၉၄၈၂၉၃၆၄

### ဖခင်အမည်မှန်
တောင်တွင်းကြီးမြို့၊ မဟာထူးချွန်ကိုယ်ပိုင်အထက်တန်းကျောင်းတွင် ပညာသင်ကြားနေသော Grade-12 ကျောင်းသား မောင်ဘုန်းပြည့်ကျော်၏ဖခင် ဦးကျော်အောင်၏အမည်မှန်မှာ ၈/တတက(နိုင်)၀၄၆၃၁၂ အရ ဦးသန်းစိန်ဖြစ်ပါကြောင်း။
ဦးသန်းစိန်

### မိဘအမည်မှန်
မော်လမြိုင်မြို့၊ အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်း Grade-10 မှ မိဝင်းပြည့်ပြည့်ဖြိုး၏ မိဘအမည်မှန်မှာ မိချိုငယ် ၃/ကကရ(နိုင်)၀၆၅၂၉၂ နှင့် မင်းဆန်းလွန်း ၃/ကကရ(နိုင်)၁၃၄၂၆၀ ဖြစ်ပါကြောင်း။
မိချိုငယ်-မင်းဆန်းလွန်း

### မွေးသက္ကရာဇ်အမှန်
နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ မိုးစွေကျေးရွာနေ အဘ ဦးထွန်းသိန်း၏သမီး မခင်နှင်းဦး ၉/ပမန(နိုင်)၂၆၅၀၁၅ ၏မွေးသက္ကရာဇ်အမှန်မှာ ၁၅-၁-၁၉၉၉ ဖြစ်ပါကြောင်း။
၁၅-၁-၁၉၉၅

### ပျောက်ဆုံးကြောင်း
ချိုတီ(ဘ)ဟူဇွန်ဗမား ၁၀/ကမရ(နိုင်)၂၁၀၁၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၂၇

### ပျောက်ဆုံးကြောင်း
ညိုညိုဌေး(ဘ)ဦးအောင်ကြည် ၈/တတက(နိုင်)၂၁၅၉၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ဦးယုနိုင်(ဘ)ဦးထွန်းခင် ၁၂/အလန(နိုင်)၀၂၈၂၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ရွှေဇင်ဖြိုး(ဘ)ဦးလှကျော် ၁၁/ရဗန(နိုင်)၁၀၈၀၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ဝင်းဇော်ဟိန်း(ဘ)ဦးသံချောင်း ၈/တတက(နိုင်)၁၂၁၀၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
သဲသဲဖြူ(ဘ)ဦးချစ်ဆွေ ၁၃/တကန(နိုင်)၂၅၀၁၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 640322)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၅၀၇၅၆၀၂၄

### ပျောက်ဆုံးကြောင်း
အောင်မျိုးဦး(ဘ)ဦးကျော်ဝင်း ၉/မခန(နိုင်)၂၂၆၉၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
မသဇင်(ဘ)ကျော်ထူး ၉/မခန(နိုင်)၂၂၄၉၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
နီနီလှိုင်(ဘ)ဦးကျင်လှိုင် ၁၂/သခန(နိုင်)၁၆၀၉၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ဝေဝေဌေး(ဘ)ဦးခင်မောင်ဌေး ၉/မထလ(နိုင်)၂၈၀၇၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၉၈၄၇၄၃၉

### ဖခင်အမည်မှန်
သုံးခွမြို့နယ်၊ အ.ထ.က အောင်ပန်းစိန် Grade-12 တွင် ပညာသင်ကြားနေသော မောင်ချစ်ဘိုဘို၏ဖခင်အမည်မှန်မှာ ၁၂/သခန(နိုင်)၁၀၃၆၃၃ ကိုင်ဆောင်သူ ဦးမြင့်အောင်ဖြစ်ပါကြောင်း။ ဦးမြင့်အောင်

### အမည်မှန်
အဘ ဦးကျော်သူရ ၁၀/ဘလန(နိုင်)၁၁၀၄၅၄ ၏သမီး ဘီးလင်းမြို့၊ အထက(ခွဲ)ဆင်အင်းကျောင်း၊ Grade-6 မှ မအေးပရယ်စိုး၏အမည်မှန်မှာ မပေရယ်စိုးဖြစ်ပါကြောင်း။
မပေရယ်စိုး

### ဖခင်အမည်မှန်
ဘီးလင်းမြို့၊ အ.ထ.က(ခွဲ)ဆင်အင်းကျောင်း၊ Grade-8 မှ မပြည့်ဖူးဝေ၏ဖခင်အမည်မှန်မှာ ဦးကျော်ခိုင် ၁၀/ဘလန(နိုင်)၁၂၅၉၃၂ ဖြစ်ပါကြောင်း။
ဦးကျော်ခိုင်

### တစ်ဦးတည်းဖြစ်ပါကြောင်း
မော်လမြိုင်မြို့၊ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းမှ Grade-7(A) တန်းမှ မဝတ်မှုန်၏ဖခင် ဦးစိုးသိန်းနှင့် ဦးညွန့်တင် ၁၀/မဒန(နိုင်)၁၃၉၀၉၀ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ ဦးစိုးသိန်း(ခ)ဦးညွန့်တင်

### ပျောက်ဆုံးကြောင်း
ငြိမ်းငြိမ်းသူ(ဘ)ဦးစိုးနိုင် ၁၄/မမန(နိုင်)၂၆၆၂၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 947838)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၃၁၉၀၉၄၃

### ပျောက်ဆုံးကြောင်း
ယင်းမပင်မြို့နယ်နေ သိန်းသိန်းဌေး(ဘ)ဦးညွန့် ၅/ယမပ(နိုင်)၀၈၂၃၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 765151)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၁၅၃၆၀၂၈

### ဖခင်အမည်မှန်
ဘီးလင်းမြို့၊ အ.မ.က(ကျီးပင်)ကျောင်း၊ Grade-4 မှ မောင်လမင်းထက်၏ဖခင်အမည်မှန်မှာ ဦးကျော်ခိုင် ၁၀/ဘလန(နိုင်)၁၂၅၉၃၂ ဖြစ်ပါကြောင်း။
ဦးကျော်ခိုင်

### ပျောက်ဆုံးကြောင်း
အုတ်တွင်းမြို့နေ ဖြိုးသူအောင်(ဘ)ဦးသိန်းတိုး ၇/အတန(နိုင်)၁၃၇၅၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ဟားခါးမြို့၊ ဈေးသစ်ရပ်ကွက်နေ မမှာငိုက်ဇှာလ်(ဘ)ဦးရင့်လျှန်ဟရန်း ၄/ဖလန(နိုင်)၀၆၂၆၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၀၇၁၉၈၃၃

### ပျောက်ဆုံးကြောင်း
ရမည်းသင်းမြို့၊ ကန်ဦးရွာနေ မြမင်းထွန်း(ဘ)ဦးသန်းရှိန် ၉/ရမသ(နိုင်)၁၉၃၉၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 548549)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
တီးတိန်မြို့၊ ခိန်းဇန်ကျေးရွာနေ မကျိုနိုင်ကိမ်နီး(ဘ)ဦးထန်ဇတွောင် ၄/တတန(နိုင်)၀၉၆၈၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၉၁၀၈၃၂၇

### ဖခင်အမည်မှန်
ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ ဝါးခယ်မမြို့နယ်၊ ရွှေလောင်း အထက ကျောင်း G-8(A)တွင်ပညာသင်ကြားနေသော မောင်မျိုးသခ်ကျော်နှင့် G-3(A)တွင် ပညာသင်ကြားနေသော မပြည့်ဖူးခင်တို့၏ဖခင်အမည်မှန်မှာ ဦးစကိုမောင် ၁၄/ပတန(နိုင်)၁၄၀၁၁၃ ဖြစ်ပါကြောင်း။ ဦးစကိုမောင်

### ပျောက်ဆုံးကြောင်း
မြစ်ကြီးနားမြို့၊ အောင်နန်းရိပ်သာရပ်ကွက်နေ ဦးအောင်မင်းခန့်(ဘ)ဦးစောရန်အောင် ၁/မကန(နိုင်)၁၄၂၀၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 153924)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၈၈၃၃၄၀၂

### ပျောက်ဆုံးကြောင်း
ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နေ ဒေါ်တင်စိန်(ဘ)ဦးထန်ကျိမ်ယူ ၁/မညန(နိုင်)၁၁၆၄၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၂၂၆၆၅၃

### ပျောက်ဆုံးကြောင်း
မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ မြရည်နန္ဒာ၊ တိုက်(၁၃)၊ မမ(၂၆)နေ အိမ့်ဖူးဝေ(ဘ)ဦးကျော်တင့်ဝေ ၅/ကလတ(နိုင်)၁၁၉၀၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၉၇၉၅၈၃၇

### ပျောက်ဆုံးကြောင်း
ကဝမြို့နေ တူးတူးဝိုင်း(ဘ)ဦးလှထွန်း ၇/ကဝန(နိုင်)၁၁၃၂၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ဝေါမြို့၊ မူကတုံးရွာနေ နေမျိုးဇော်(ဘ)ဦးထွန်းဝင်း ၇/ဝမန(နိုင်)၀၈၁၆၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၃၁၃၀၃၉၄

### ပျောက်ဆုံးကြောင်း
ရေတာရှည်မြို့နယ်၊ အေကြီးအထက်ရွာနေ ကျော်ကိုလင်း(ဘ)ဦးစိုးမြင့် ၇/ရတရ(နိုင်)၂၀၂၃၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ကဝမြို့နယ်၊ တံတားဦးရွာနေ ခင်မြနွယ်(ဘ)ဦးကြည်လှိုင် ၇/ကဝန(နိုင်)၁၃၆၂၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ဝမ်းနည်းကြေကွဲခြင်း
## ဒုတိယရဲမှူးကြီးအောင်ဇော်မြင့်
## နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး(မြန်မာနိုင်ငံရဲတပ်ဖွဲ့)
## စစ်တက္ကသိုလ်အမှတ်စဉ်(၃၄)

နေပြည်တော်ကောင်စီနယ်မြေ၊ ပုဗ္ဗသီရိမြို့နေ ဒေါ်မိုးမိုးစီ၏ချစ်လှစွာသောခင်ပွန်း၊ ဦးမျိုးဇော်မြင့်+ ဒေါ်မြတ်မြတ်စိုးတို့၏ အစ်ကို ဒုတိယရဲမှူးကြီးအောင်ဇော်မြင့်သည် (၁၃-၇-၂၀၂၅)ရက် (တနင်္ဂနွေနေ့) ၁၁:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**စစ်တက္ကသိုလ်အမှတ်စဉ်(၃၄)မှ သူငယ်ချင်းများ**

**ငြင်းချက်ထုတ်ရန်သမ္မန်စာ**
**(တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)**
**မော်လမြိုင်ခရိုင်တရားရုံး**
**၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၆၀**

| ဒေါ်အေးအေးကြူ | နှင့် | ဒေါ်လှဝင်း |
|---|---|---|
| (တရားလို) | | (တရားပြိုင်များ) |

**အမှတ်(၂၃၃)၊ မြိုင်သာယာရပ်၊ မော်လမြိုင်မြို့နေ တရားပြိုင်ဒေါ်လှဝင်း (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။**

သင့်အပေါ်၌ တရားလို ဒေါ်အေးအေးကြူက ပဋိညာဉ်အတိုင်းဆောင်ရွက်ပေးစေလိုမှုလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ အခွင့်အမိန့်ရရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ၊ ၁၄ ရက်(၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆုတ်၊ ၆ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့်အမှုနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်သွင်းလိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ၊ ၁၄ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

စိုးသီရိခိုင်
တွဲဖက်ခရိုင်တရားသူကြီး(၂)
မော်လမြိုင်ခရိုင်တရားရုံး

**BAGAN HERITAGE ENGINEERING DEVELOPMENT COMPANY LIMITED**
**မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ**
**BAGAN HERITAGE ENGINEERING DEVELOPMENT COMPANY LIMITED**
**အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက်ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ အပြီးသတ် အထွေထွေအစည်းအဝေးတက်ရောက်ရန် အကြောင်းကြားစာ**

၁။ "BAGAN HERITAGE ENGINEERING DEVELOPMENT COMPANY LIMITED." ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၂၃)ရက်နေ့ နံနက်(၁၀:၃၀)နာရီအချိန်တွင် နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ရတနာသိဒ္ဓိရပ်ကွက်၊ တောင်ကြီး(၁)လမ်း၊ အမှတ်(၃၀၃၈)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အဖွဲ့ဝင်အားလုံး မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများတင်ပြပါမည်။

### ပျောက်ဆုံးကြောင်း
ဟိန်းမင်းသူ(ဘ)ဦးတင်ဦးဆွေ ၉/နထက(နိုင်)၁၅၁၁၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### တစ်ဦးတည်းဖြစ်ပါကြောင်း
မော်လမြိုင်မြို့၊ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းမှ Grade-11(B)တန်းမှ မဇာခြည်ဦး၏ဖခင် ဦးမောင်ရွှေနှင့် ဦးထွန်းရွှေ ၁၀/ကမရ(နိုင်)၁၅၂၄၂၆ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ ဦးမောင်ရွှေ(ခ)ဦးထွန်းရွှေ

### တစ်ဦးတည်းဖြစ်ကြောင်း
မော်လမြိုင်မြို့၊ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းမှ Grade-12(B)တန်းမှ မောင်မင်းနိုင်စိုး၏ဖခင် ဦးရွှေ နှင့် ဦးထွန်းရွှေ ၁၀/ကမရ(နိုင်)၁၅၂၄၂၆ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ ဦးရွှေ(ခ)ဦးထွန်းရွှေ

### ပျောက်ဆုံးကြောင်း
သီတာထွေး(ဘ)ဦးမြသိန်း ၁၂/တတန(နိုင်)၁၅၆၃၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 504431)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၉၂၇၂၅၃၁

### ပျောက်ဆုံးကြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ လှည်းငုတ်ချောင်းအုပ်စု၊ ကျောင်းကုန်းကျေးရွာနေ ခင်မိုးထက်(ဘ)ဦးဝင်းနိုင် ၁၂/မဘန(နိုင်)၁၇၆၄၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၂၈၇၄၇၃၀

### ပျောက်ဆုံးကြောင်း
မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်၊ တောင်ပေါ်(တောင်)ကျေးရွာနေ အေးသန္တာကျော်(ဘ)ဦးအောင်ဌေး ၉/ကပတ(နိုင်)၃၀၅၉၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၆၈၇၇၆၆၁

### ပျောက်ဆုံးကြောင်း
သရက်ချောင်းမြို့၊ ကနက်သီရိရွာနေ ကျော်ဇင်သူ(ဘ)ဦးသန်းစိုး ၆/သရခ(နိုင်)၀၈၆၂၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 351030)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၅၄၂၆၁၄၉


### ပျောက်ဆုံးကြောင်း
လယ်ဝေးမြို့နယ်၊ ဝင်တဲကူးအုပ်စု၊ သစ်တောရွာနေ အောင်မျိုးဇော်(ဘ)ဦးမြင့်အောင် ၉/လဝန(နိုင်)၃၀၀၇၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၆၉၆၉၁၃




ဈေးကောင်းစိတ်ချ လုံခြုံမှုရစေတာ
SIGMA
CABLE & WIRE
COPPER 99.99%
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀




ပြင်ဦးလွင်
နန်းမြိုင်ကော်ဖီ
PURE ARABICA COFFEE
PYIN OO LWIN NAN MYAING
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

AVAILABLE SERVICES
Inland Container Depot
Warehouse Service
Customs Freight Station Service
Trucking Service
Logistic Service
Multi-modal Transportation Services
LPM
LANN PYI MARINE
COMPANY LIMITED
No. 55/61, Strand Road, Botahtaung Township, Yangon, Myanmar.
Tel. 01 8372879, 8373013 Fax. 095 1 8373011
Email. lannpyi.hq@lpm-myanmar.com, lannpyi.icd@lpm-myanmar.com

Smart®
GENTLEMEN FASHION
Ph : 033-60337~8 , 09-5022324
Fax : 033-60339
E-mail : mehlgarment.pol@gmail.com
Facebook : Smart Smart
Viber : +95-9777585772
Address : Pyin Oo Lwin

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

**❖ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးလာမှုနှင့်အတူ မွေးမြူရေးလုပ်ငန်းများသည်လည်း တိုးတက်လာမည်ဖြစ်ကာ ဒေသ၏လူမှုစီးပွားဘဝများသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်. . .**

**❖ ထို့ကြောင့် ဒေသရှိအုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများက ဒေသတွင်း၌ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်လုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်နိုင်ရေး အခွင့်အလမ်းများကို ဖော်ဆောင်ပေးနိုင်ရန်လို. . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့တွင်ပြုလုပ်သော မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

# မြန်မာနိုင်ငံကိုယ်စားပြုခရီးသွားမြှင့်တင်ရေးပြခန်း ရုရှားနိုင်ငံသားများ အထူးစိတ်ဝင်စားမှုရရှိခဲ့ပြီး လာရောက်သူများဖြင့် စည်ကား






**နေပြည်တော် ဇူလိုင် ၁၅**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်မြို့၌ ဇူလိုင်လ ၁၁ ရက်မှ ၁၃ ရက်အထိ “In Siberia–THERE is!” ခေါင်းစဉ်ဖြင့်ကျင်းပသော အစားအစာနှင့်ခရီးသွားပြပွဲတွင်ပါဝင်ခဲ့သည့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ မြန်မာနိုင်ငံကိုယ်စားပြုခရီးသွားမြှင့်တင်ရေးပြခန်းသည် ရုရှားနိုင်ငံသားများနှင့် နိုဗိုစီဗစ်မြို့သူမြို့သားများ၏ အထူးစိတ်ဝင်စားမှုကိုရရှိခဲ့ပြီး လာရောက်သူများဖြင့် စည်ကားခဲ့သည်။ **စာမျက်နှာ ၁၅ ကော်လံ ၁ ❒**

